# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း (၈) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (26-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၅၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းတည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးနေမှု အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်ခံ့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းက ဧပြီ ၅ ရက်နှင့် ၂၂ ရက်တို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှု၊ လက်မှုအချောထည်များ ဆောင်ရွက်နေမှု၊ ဥဏ္ဏာလုံမွေးရှင်တော်တပ်ဆင်ပူဇော်ရန် ဆောင်ရွက်နေမှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အတိုင်းအတာနှင့် အလေးချိန်ဆိုင်ရာအချက်အလက်များကို QR Code ဖြင့်ဖော်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဗုဒ္ဓဥယျာဉ်အတွင်း သာသနိကအဆောက်အအုံများရေပန်း ရင်ပြင်၊ ရင်ပြင်တော်၊ ဂန္ဓကုဋီတိုက်၊ မုစလိန္ဒအိုင်နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၃ ခုနှစ် ဧပြီ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# သတိပြုဖွယ် ရေဓာတ်ဆုံးရှုံးခြင်းအန္တရာယ်

လူ၏ခန္ဓာကိုယ်သည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသော ဓာတ်ကြီးလေးပါးဖြင့်ဖွဲ့စည်းထားပြီး ထိုဓာတ်များအနက် ယိုစီးခြင်းသဘောရှိသော အာပေါဓာတ်သည် ရေဓာတ်ဖြစ်သည်။ လူ့ခန္ဓာကိုယ်အတွင်း ရေဓာတ်သည် အထူးလိုအပ်ဆုံးဖြစ်သည်။ ရေဓာတ်ဆုံးရှုံးလျှင် အသက်အန္တရာယ်ရှိသည်။ ထို့ကြောင့် လူ့ခန္ဓာကိုယ်တွင် ရေဓာတ်ဆုံးရှုံးခြင်းအန္တရာယ်မှကင်းဝေးစေရန် သတိပြုနေထိုင်ရမည်ဖြစ်သည်။

ပူပြင်းသောနွေရာသီတွင် လူ၏ခန္ဓာကိုယ်မှ ရေဓာတ်များဆုံးရှုံးစေတတ်သည်။ လူ၏ခန္ဓာကိုယ်အတွင်းရှိ ရေများသည် ရှူထုတ်လိုက်သောလေနှင့်အတူ အခိုးအငွေ့များအဖြစ်လည်းကောင်း၊ ခန္ဓာကိုယ်လှုပ်ရှားသည့်အခါနှင့် ပူအိုက်သောအခါများတွင် ချွေးအဖြစ်လည်းကောင်း၊ ကျင်ကြီးကျင်ငယ်အဖြစ်လည်းကောင်း ခန္ဓာကိုယ်ပြင်ပသို့ အချိန်နှင့်အမျှထွက်သည်။ ထိုသို့ဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်းရှိရေများ နေ့စဉ် ဆုံးရှုံးနေခြင်းဖြစ်သည်။

ထိုသို့ဆုံးရှုံးသွားသောရေများ၏နေရာတွင် လူတို့ နေ့စဉ်စားသုံးနေသော အစားအစာများ၊ အသီးအနှံများ၊ ဖျော်ရည်များဖြင့်အစားထိုးကာ ပြန်လည်ဖြည့်တင်းပေးရသည်။ အကယ်၍ ရေဓာတ်ဆုံးရှုံးမှုကို အလျဉ်မီအောင် မဖြည့်ပေးနိုင်ပါက ခန္ဓာကိုယ်တွင်ရှိသင့်သော ရေပမာဏအောက်သို့ကျသွားကာ ရေဓာတ်များလျော့နည်းလာပြီး အာခေါင်ခြောက်ခြင်း၊ တံတွေးနည်းလာခြင်း၊ ဆီးအရောင်ရင့်လာခြင်း၊ ဆီးနည်းလာခြင်း၊ ဆီးနံ့ပြင်းလာခြင်း စသည့်ရေဓာတ်ဆုံးရှုံးသည့်လက္ခဏာများဖြစ်လာနိုင်သည်။

ခန္ဓာကိုယ်ရှင်သန်လှုပ်ရှားနိုင်ရေးတွင် ရေဓာတ်သည် မရှိမဖြစ်လိုအပ်ပြီး ရေဓာတ်ခန်းခြောက်ပါက အရွယ်အိုမင်းမှုမြန်ဆန်ခြင်း၊ ရေငတ်ခြင်း သို့မဟုတ် နှုတ်ခမ်းများခြောက်လာခြင်း၊ အာခံတွင်းခြောက်သွေ့ခြင်း၊ ဆီးအနည်းငယ်သာသွားခြင်း၊ အိပ်ငိုက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ အသားအရေခြောက်သွေ့ခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ ကြွက်တက်ခြင်းများဖြစ်တတ်သည်။

ပူပြင်းသောနွေရာသီတွင် ရေဓာတ်ဆုံးရှုံးမှုများ အများဆုံးဖြစ်နိုင်သည်။ ထိုသို့မဖြစ်စေရန် ရေများများသောက်သုံးပေးရမည်။ ပုံမှန်အားဖြင့် တစ်ရက်လျှင် ရေနှစ်လီတာခန့်သောက်သုံးကြရမည်ဖြစ်သည်။ သို့သော် အလွန်အကျွံမသောက်သင့်ပေ။ ရေသောက်လျှင် တစ်ကြိမ်တည်း ပမာဏများများသောက်ခြင်းထက် မိမိခန္ဓာကိုယ်အတွင်း သင့်တင့်မျှတသည့်ရေပမာဏကို နာရီခြား၍ မကြာခဏသောက်သုံးပေးရမည်ဖြစ်သည်။ ရာသီဥတုပူပြင်းလာသည်နှင့်အမျှ ခန္ဓာကိုယ်အတွင်းရှိ ရေဓာတ်များဆုံးရှုံးမှုများလာတတ်ပြီး သွေးထဲ၌လည်း ရေပါဝင်မှုနှုန်းကျဆင်းသွားလေ့ရှိသည်။ ရေဓာတ်နည်းလာသောအခါ သွေးသည် ပို၍ပျစ်လာကာ ထိုသွေးကို ခန္ဓာကိုယ်အနှံ့တွန်းပို့နေရသော နှလုံးသည် ပုံမှန်ထက် အဆတိုး၍အလုပ်လုပ်ပေးရသောကြောင့် အလွယ်တကူ ပင်ပန်းနွမ်းနယ်မှုကို ခံစားကြရသည်။

အကယ်၍ ခန္ဓာကိုယ်အတွင်းမှ ဆုံးရှုံးသွားသောရေများ ပြန်လည်မဖြည့်တင်းနိုင်ပါက နိုးကြားတတ်ကြွမှုမရှိတော့ခြင်း၊ အာရုံစူးစိုက်နိုင်မှုကျဆင်းလာခြင်း၊ အမြင်အာရုံလျော့နည်းလာခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းများကို ခံစားရကာ အသက်အန္တရာယ်ဖြစ်စေနိုင်သည်။

သို့ဖြစ်ရာ ထမင်းအသက်ခုနစ်ရက် ရေအသက်တစ်မနက် ဆိုသောစကားအရ ပူပြင်းသောနွေရာသီတွင် ရေဓာတ်များဆုံးရှုံးခြင်းမဖြစ်စေရန် ခန္ဓာကိုယ်အတွက် လိုအပ်သောရေကို သောက်သုံး၍ မိမိကိုယ်ကိုသတိပြုနေထိုင်ပြီး ကျန်းမာသောလူမှုဘဝများ ပိုင်ဆိုင်နိုင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။

# ရောဝတီမြစ်ရေမြင့်တက်မှုကြောင့် မန္တလေး-တကောင်းရေလမ်းကြောင်း၌ ပျက်စီးခဲ့သည့်ရေလမ်းညွှန်များကို မေလတွင် ပြန်လည်စိုက်ထူမည်



**မန္တလေး ဧပြီ ၂၅**

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်၌ ပျက်စီးခဲ့သည့် ရေလမ်းညွှန်အမှတ်အသားများကို မေလတွင်ပြန်လည်စိုက်ထူပြသမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် ရေယာဉ်များသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် မတ်လက ရေပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၁၄၀ နှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ စုစုပေါင်းရေလမ်းညွှန်အမှတ်အသားအခုရေ ၂၄၀ စိုက်ထူပြသပေးခဲ့ကြောင်း၊ သို့သော် ယခုလက်ရှိ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေလမ်းညွှန်အမှတ်အသားများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

"အခုက ဧရာဝတီမြစ်ရေ မြင့်တက်လာတာကြောင့် ရေပေါ်၊ ကမ်းပေါ်မှာ စိုက်ထူပြသပေးထားတဲ့ရေလမ်းညွှန်အမှတ်အသားတွေ ရေစီးနဲ့မျောပါပြီး ပျက်စီးဆုံးရှုံးတာတွေရှိတယ်။ ဒါ့ပြင် မကြာသေးမီ ရက်ပိုင်းအတွင်းက လေပြင်းတွေ တိုက်တာကြောင့်လဲ ပျက်စီးဆုံးရှုံးတာတွေရှိတယ်။ ဒီဖြစ်စဉ်တွေကြောင့် ရေလမ်းညွှန်အမှတ်အသား ၅၀ ရာခိုင်နှုန်းလောက်ထိ ဆုံးရှုံးပျက်စီးခဲ့တယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ဧရာဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် ပျက်စီးဆုံးရှုံးခဲ့သည့် ရေလမ်းညွှန် အမှတ်အသားများ အပါအဝင် အခြားလိုအပ်သည့်နေရာများ၌ပါ ရေလမ်းညွှန်အမှတ်အသားများကို မေလတွင် ပြန်လည်စိုက်ထူပြသပေးသွားမည်ဖြစ်ကြောင်း၊ မန္တလေး- တကောင်းရေလမ်းကြောင်းတစ်လျှောက်၌ မေလတွင် ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၁၄၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၄၀ စိုက်ထူပြသပေးမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းမှ မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့် ခရီးသည်တင်သင်္ဘောများအပြင် ကုန်တင်သင်္ဘောများပါ သောင်တင်မှုများမရှိစေရေးနှင့် ရေလမ်းကြောင်းမမှားစေရေးအတွက် ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဧပြီ ၂၅**

မန္တလေးဈေးကွက်အတွင်း တရုတ်ကြက်သွန်ဖြူများ ကုန်စည်လက်ကျန်ရှားပါးလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ တရုတ်နိုင်ငံဘက်မှ ပြည်တွင်းသို့ တင်သွင်းသည့် တရုတ်ကြက်သွန်ဖြူများ မန္တလေးဈေးကွက်အတွင်း အဝင်နည်းလာသည့်အပြင် ကုန်စည်လက်ကျန်မှာလည်း ရှားပါးလာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခု တရုတ်ဘက်ကနေ ကြက်သွန်ဖြူအသစ်တွေ မန္တလေးဈေးကွက်အတွင်း တဖြည်းဖြည်းအဝင်နည်းလာတယ်။ တရုတ်ကြက်သွန်ဖြူတွေ ဈေးကွက်ထဲမှာ ကုန်ပစ္စည်းလက်ကျန်က သိပ်မရှိတော့ဘူး။ ဒါကြောင့် တရုတ်ကြက်သွန်ဖြူတွေ မန္တလေးဈေးကွက်ထဲမှာ ကုန်စည်လက်ကျန် ရှားပါးလာပြီးတော့ ဈေးကောင်းပြန်ပြီးရလာတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဧပြီလပထမပတ်က တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ တရုတ်ကြက်သွန်ဖြူတွေကလဲ လက်ကျန် သိပ်ပြီးမရှိတော့တာကြောင့် ဈေးကောင်းပြန်ရလာတယ်။ တရုတ်ကြက်သွန်ဖြူအသစ်တွေ မန္တလေးဈေးကွက်ထဲပြန်ဝင်လာရင်တော့ ဈေးကပြန်ပြီးတည်ငြိမ်သွားဖို့ရှိတယ်"ဟု ၎င်းကဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# (၇၇) ကြိမ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပမည်

**မန္တလေး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီးတွင် မေ ၅ ရက်၌ ကျရောက်မည့် (၇၇) ကြိမ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။

မေ ၅ ရက်တွင် ကျရောက်မည့် (၇၇) ကြိမ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါ အခမ်းအနားနေ့တွင် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူခြင်း၊ သက်ကြီးပူဇော်ပွဲပြုလုပ်ခြင်း၊ မီးသတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သတ်မှတ်ရက်အလိုက် မီးသတိပေးဆောင်ရွက်ခြင်း စသည်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ မေ ၅ ရက်မှာ ကျရောက်မဲ့ မီးသတ်တပ်ဖွဲ့နေ့ကို အခမ်းအနားနဲ့ ကျင်းပမယ်။ တိုင်းဒေသကြီးအနေနဲ့ကော သက်ဆိုင်ရာခရိုင်အလိုက်ပါ ကျင်းပသွားမှာပါ။ (၇၇) ကြိမ်မြောက်ပါ။ မန္တလေးမြို့မှာ နှစ်စဉ် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို စည်ကားစွာကျင်းပပါတယ်။ ဒီနှစ်မှာလဲ အရင်နှစ်နည်းတူ စည်ကားစွာ ကျင်းပနိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်ဆိုတာဟာ မီးငြိမ်းသတ်ရေးတာဝန်တွေကိုပဲ ထမ်းဆောင်နေကြရသူတွေ မဟုတ်ဘဲ မိမိတို့ အဓိကတာဝန်ဟာ သဘာဝဘေးဒဏ်တစ်ခုခု ဒါမှမဟုတ် မီးဘေးတစ်ခုခုကျရောက်ရင် မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကိုပါ အချိန်မဆိုင်းဘဲ အမြန်ထမ်းဆောင်နေကြသူတွေ ဖြစ်ပါတယ်"ဟု ဦးဇော်ဝင်းထွန်းက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အလိုက် အသိပညာပေးဟောပြောမှုများ၊ နေ့စဉ် မီးသတိပေး လှုံ့ဆော်ခြင်းများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်–၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်–၀၀၁၆၈၊ ဓာတည်းအဖွဲ့–၀၃၃–၇၂၇၈၁၀၉–၅၅၈၈၉၁၃၀၀၊ကြော်ငြာ–၈၄လမ်းနှင့်၂၉–၃၀လမ်းကြား–၀၂–၄၀၆၆၆၅၁၊ ဖြန့်ချိရေး–၀၂–၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကူးမြို့နယ်၌ ကျေးရွာ နှစ်ရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကူး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးကျွန်းကျေးရွာနှင့် ပေါက်ကုန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၄ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဈေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဒေါ်နော်အေးအေးထူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျနိုင်စေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြား မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစဉ်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်မြို့နယ်ဦးစီးမှူးနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဇီးကျွန်းကျေးရွာနှင့် ပေါက်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၇၂ ဒသမ ၆၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ဇီးကျွန်းကျေးရွာနှင့် ပေါက်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက ကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၁၀ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၇၂ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်မြို့နယ်ဦးစီးမှူးနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ဇီးကျွန်းကျေးရွာနှင့် ပေါက်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ဇေလွင်**

# ဘားအံမြို့နယ် မင်းဇီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရန် ကွင်းဆင်းစစ်ဆေး

**ဘားအံ မေ ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းဇီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရန် မြေပြင်အခြေအနေ အနိမ့်အမြင့်တိုင်းတာခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မင်းဇီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်နိုင်ရေးအတွက် လမ်းအရှည်၊ အကျယ်မှာ သတ်မှတ်ထားသည့် စံနှုန်းများနှင့်ကိုက်ညီမှုရှိရန်၊ မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိစေသည့် လမ်းအမျိုးအစားဖြစ်စေရန် မြေပြင်အနိမ့်အမြင့်တိုင်းတာခြင်းကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

မင်းဇီကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အရှည် ပေ ခြောက်ဖာလုံရှိ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရန်လျာထားပြီး အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေများမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုသက်**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ဒေသထွက်ပဲတီစိမ်းများ ဈေးကောင်းရရှိနေ



**ပုသိမ် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ဒေသထွက် ပဲတီစိမ်းများ ဈေးကောင်းရရှိသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ပုသိမ်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးကျော်မင်းက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခင်နှစ် ပဲတီစိမ်းပေါ်သည့်အချိန်က ပဲတီစိမ်း(ခရမ်းရွှေဝါ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၈၅၀၀၊ ပဲတီစိမ်း(အညာရွှေဝါ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ သာဈေးရရှိခဲ့ပြီး ယခုလက်ရှိ ပဲတီစိမ်း(ခရမ်းရွှေဝါ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ ပဲတီစိမ်း(အညာရွှေဝါ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုလက်ရှိ ဧရာဝတီတိုင်းဒေသကြီးကထွက်တဲ့ ပဲတီစိမ်းတွေ အဝယ်လိုက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကို ပဲတီစိမ်းတွေအဓိက တင်ပို့ရောင်းချနေတာပါ။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာသလို ဈေးလဲကောင်းလာပါတယ်။ ဒါကလဲ ပြည်ပဈေးကွက် ဝယ်လိုအားကောင်းလာတာကြောင့် ဈေးကောင်းလာတာပါ"ဟု ပုသိမ်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးကျော်မင်းက ပြောပြသည်။

ပုသိမ်မြို့နယ်မှ ထွက်ရှိသည့် ပဲတီစိမ်းများကို သုံးတင်းဝင်အိတ်များဖြင့်ထည့်ကာ ရန်ကုန်မြို့သို့ ကုန်တင်ကား၊ ကုန်တင်သင်္ဘောများဖြင့် တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ငဖဲမြို့နယ် ပန်းထိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငဖဲ မေ ၂၅**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းထိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပန်းထိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စီမံကိန်းဆိုင်ရာငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ပန်းထိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၃၉ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အထွေး**

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၅၉၈၅ ဧက စိုက်ပျိုးမည်

**အင်းတော် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၅၉၈၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အင်းတော်မြို့နယ်တွင် မိုးစပါးဧက ၅၅၉၈၀ စိုက်ပျိုးရန်လျာထားခဲ့ပြီး ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၅၅၉၈၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် မိုးစပါး ၅၅၉၈၅ ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အင်းတော်မြို့နယ်အတွင်း မိုးစပါး ၅၅၉၈၅ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ မိုးစပါးသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မနှစ်ကတော့ မိုးစပါးဧကလျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်နိုင်ပါတယ်။ အထွက်ကောင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးမည့်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများပေးခြင်း၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် နည်းပညာများပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် နွေစပါး ၈၄၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ဧက ၇၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

(၂၀၆)



# မြန်ပြည်တစ်လွှားသစ်သားတံကဲများ(၂)

မောင်သာ(ရှေးဟောင်းသုတေသန)

**ရွှေကူတံကဲတော်**

ပခုက္ကူမြို့လယ်ရှိ ရွှေကူမြတ်စွာဘုရားဝင်းအတွင်း၌ ကမ္ဘာကျော်တံကဲတော်ကြီးတစ်ခုရှိရာ ထိုတံကဲတော်ကြီးသည် ပြည်တွင်း၊ ပြည်ပမှ လာရောက်ကြည့်ရှုကြသူတိုင်း တအံ့တသြဖြစ်ရသည့် အနုလက်ရာတစ်ခုဖြစ်သည်။ တံကဲကြီးသည် ရွှေကူမြတ်စွာဘုရားဝင်းအတွင်းရှိသောကြောင့် ရွှေကူတံကဲတော်ဟု ထင်ရှားခဲ့သည်။ ဘုရားတံကဲများကို အများအားဖြင့် ပန်းကနုတ်များ ထွင်းထုပုံဖော်ပြုလုပ်လေ့ရှိကြသော်လည်း ရွှေကူတံကဲတော်မှာမူ ပန်းကနုတ်များအပြင် ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်လာဇာတ်ကွက်များကို ထည့်သွင်းထွင်းထုထားသောကြောင့် အလွန်ထူးခြားနေသည်။ ပလ္လင်တစ်ခုပေါ်တွင်ရပ်တော်မူနေသော ဉာဏ်တော် ငါးပေနှစ်လက်မမြင့်သည့် ဗုဒ္ဓရုပ်ပွားတော်၏ ကျောဘက်ရှိတံကဲတော်သည် အလျား ငါးပေ ၁၀ လက်မ၊ အမြင့် ၁၂ ပေ ၁၀ လက်မခန့်နှင့် ထု ခြောက်လက်မရှိသည့် ယမနေသားတံကဲကြီးဖြစ်သည်။ ခြောက်လက်မ အထူရှိသည့် ယမနေသစ်သားပြားငါးချပ်ကို တွဲစပ်လျက် အရုပ်များနှင့်ကနုတ်များကို ရှစ်လွှာ၊ ရှစ်ထပ် ပြုလုပ်ထားကာ လူရုပ် ၁၃၆ ရုပ်နှင့် တိရစ္ဆာန်ရုပ် ၁၈ ရုပ်ပါရှိသည်။ ရှစ်လက်မထူသောသစ်သားကို ရှစ်လွှာရှစ်ထပ်ထုလုပ်ထားသဖြင့် တစ်လွှာလျှင် တစ်လက်မသာထူသည့် သစ်အလွှာများကြားတွင် အရုပ်များကို ကြွနေအောင်ထုလုပ်ထားသည့်အနုလက်ရာသည် အံ့မခန်းဖြစ်သည်။ ရွှေကူတံကဲတော်ကြီးကို ခရစ်နှစ် ၁၉၀၄ ခုနှစ်တွင် စတင်ထုလုပ်ခဲ့ကာ ၁၉၀၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ လေးနှစ်ကြာအချိန်ယူထုလုပ်ခဲ့ရသော တံကဲတော်ကြီးအတွက် ပန်းပုထုလုပ်အားခသည် ငွေကျပ် ၄၀၀၀ ဖြစ်ပြီး ထိုစဉ်က ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၀ ဖြစ်သောကြောင့် ရွှေနှစ်ပိဿာ တန်ဖိုးနှင့်ညီမျှသည်။ ရွှေကူတံကဲတော်အနီးတွင် “ကမ္ဘာ့အံ့ဖွယ်ရာ ရွှေကူတံကဲတော်”အမည်ဖြင့် တံကဲတော်နှင့်ပတ်သက်၍ ရှင်းလင်းချက်များရေးသားထားရာ မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်က လက်ခငွေ ငွေဒင်္ဂါးပြား ၄၀၀၀ နှင့် လေးနှစ်ကျော်ထုလုပ်ရခြင်း၊ တံကဲ၏ ထု ရှစ်လက်မ၊ ရှစ်ထပ်နှင့် သစ်တုံးငါးတုံးတွင် ပန်းရုပ်လုံးများထုလုပ်ထားခြင်းတို့ကို ဖော်ပြထားသည်။

တံကဲအလှူရှင်များမှာ ပခုက္ကူမြို့ ဈေးဟောင်းရပ်ကျောင်းတော်ရာလမ်း တိုက်နံပါတ် ၅၇၅ နေ ဦးဟင်းငါးနှင့် ဇနီးဒေါ်ဇီးဖဲ၊ သမီးမယ်သစ်၊ မယ်မြစ်တို့ဖြစ်ကြပြီး ပန်းပုပညာရှင်များမှာ မြိုင်မြို့နယ် သစ်ကြီးတော၊ လေးတန်းရွာမှ ဦးကံကြီးနှင့် သားမောင်တေတို့ဖြစ်သည်။ ရွှေကူတံကဲတော်ကြီး၏ ဘယ်ဘက်ပန်းကနုတ်ပေါ်တွင် ဆြာဦးကံကြီး၊ သား မောင်တေဟူသောစာတန်းကိုထွင်းထုထားပြီး တံကဲ၏ယာဘက်တွင် အလှူရှင်များဖြစ်သည့် “မဆီးဆံ၊ ကိုဟင်းငါး၊ မမယ်သင်ကောင်းမှု”ဟု ရေးထွင်းထားသဖြင့် နောင်းလူတို့အတွက်မှတ်တမ်းအထောက်အထားဖြစ်ခဲ့သည်။

တံကဲတော်ကြီးပေါ်တွင် ဒေဝါရောဟဏဇာတ်၊ နေမိဇာတ်၊ သာမိနဇာတ်တော်နှင့် ဗိမ္ဗိသာရဇာတ်တို့မှ အခန်း ၁၂ ခန်းကို တစ်ဆက်တစ်စပ်တည်းပုံဖော်ထားသည်။

တံကဲတော်ကြီး၏ အပေါ်ဆုံးအလွှာတွင် ဒေဝါရောဟဏဇာတ်တွင်ပါရှိသော မြတ်စွာဘုရားရှင်တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ဆင်းသက်ကြွမြန်းလာခန်းကိုထုလုပ်ထားသည်။ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်တွင် မယ်တော်မိနတ်သားနှင့်တကွ နတ်ဗြဟ္မာပရိသတ်အပေါင်းအား အဘိဓမ္မာတရားတော်များကို ဝါတွင်းသုံးလကာလ၌ ဟောကြားတော်မူအပြီး လူ့ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းမှဆင်းသက်၍ ပြန်လည်ကြွမြန်းလာပုံကို ရုပ်တုပေါင်း ၂၁ ခု ဖြင့် ပုံဖော်ထားသည်။ အလယ်ပတ္တမြားစောင်းတန်းမှ သင်္ကဿနဂိုရ်ပြည် တောင်တံခါးဆီသို့ ကြွမြန်းဆင်းသက်လာသောဇာတ်ကွက်တွင် မြတ်စွာဘုရားရှင်အား လိုက်ပါပို့ဆောင်ကြသော မာတလိနတ်သား၊ ဝိသကြုံနတ်သားနှင့် ဗြဟ္မာကြီးများကို လက်ရာမြောက်စွာထုလုပ်ထားပြီး ခရုသင်းမှုတ်သူ၊ ထီးတော်မိုးပေးသူ၊ သားမြီးယပ်ခတ်ပေးသူ၊ တူရိယာများတီးခတ်လိုက်ပါလာကြသူများသည် အသက်ဝင်လွန်းလှသဖြင့် ပန်းပုရုပ်များဟုပင် မထင်ရပါချေ။ တံကဲတော်ကြီး၏လက်ယာဘက်အထက်ပိုင်းတွင် နေမိဇာတ်တော်၊ လက်ဝဲဘက်အထက်ပိုင်းတွင် သာမိနဇာတ်တော်မှဇာတ်ကွက်များကိုမြင်တွေ့ရသည်။ မာတလိနတ်သားက နေမိမင်းနှင့် သာမိနမင်းကြီးတို့ကို မြင်းသုံးကောင်ကသောရထားဖြင့် တောမြိုင်အတွင်းမှတစ်ဆင့် နတ်ပြည်သို့ခေါ်ဆောင်သွားပုံသည် ပန်းရှစ်ထပ်အတွင်းမှ ရထားထွက်လာတော့မည့်အလား ထင်မှတ်ရသည်။ တောတွင်း၌ ငှက်ငယ်လေးများ တစ်ကောင်နှင့်တစ်ကောင် အစာခွံ့နေပုံ၊ မြူးထူးပျော်



ကျောင်းကုန်းမြို့ရှိ ပြည်လုံးချမ်းသာတံကဲတော်။

ပါးနေပုံများသည်လည်း တောတောင်ရှုခင်းတစ်ခုကို ဓာတ်ပုံရိုက်ထားသည့်အသွင်ဖြစ်သည်။ ဘုရားရှင်နှင့်တကွ နတ်ဗြဟ္မာများ၊ ရှင်ဘုရင်၊ ဝန်ကြီးဝန်လေး၊ ကချေသည်၊ ပြည်သူ၊ ပြည်သားရုပ်တုများကို မျက်နှာခြောက်ဖက်ကြည့်နိုင်ရန် သစ်ချပ်တစ်ချပ်တည်းပေါ်မှာပင် ထွင်းထုခဲ့သည်။ ဗိမ္ဗိသာရဇာတ်ကွက်ကို သရုပ်ဖော်ထားရာတွင် ထုလုပ်ထားသောဇာတ်ရုပ်များက အသက်ဝင်လွန်းသည့်အတွက် ဇာတ်မင်းသားအမယ်ကြီးအို အောင်စိန်က တံကဲတော်တွင်ပါဝင်သည့် ဇာတ်ဝင်ခန်းများအတိုင်း ဗိမ္ဗိသာရဇာတ်ကိုကပြရန် ရွှေမန်းဦးတင်မောင်ကို အကြံပြုခဲ့သဖြင့် ရွှေမန်းဦးတင်မောင်က ဗိမ္ဗိသာရဇာတ်ထုတ်ကို ကပြခဲ့သည်ဟုဆိုကြသည်။ ဒေဝဒတ်က အဇာတသတ်မင်းသားအား ဖခင်ကိုသတ်ပြီး မင်းပြုရန်အကြံပေးနေပုံ၊ ဖခင်အား နန်းချ၍ အကျဉ်းချထားပုံ၊ အစာရေစာငတ်မွတ်နေသော ဗိမ္ဗိသာရမင်းကြီးကို ဝေဒေဟီမိဖုရားကြီးက စတုမဓုသုတ်လိမ်းထားသော မြတဘက်ကိုဆက်သနေပုံ၊ ပါးကွက်သားများက မင်းကြီး၏ခြေဖဝါးကို ဓားဖြင့်ခွဲနေပုံတို့မှာ အသက်ဝင်လှသည်။

ပန်းပုဆရာဦးကံကြီးသည် တံကဲတော်ကြီးကို မပြုလုပ်မီ တံကဲပုံစံငယ်တစ်ခုပြုလုပ်၍ အလှူ့အစ်မဒေါ်ဇီးဖဲနှင့် ဆရာတော်ကြီးများကိုပြသကာ အကြံဉာဏ်ရယူခဲ့ပြီးမှ စိတ်တိုင်းကျထုလုပ်ခဲ့သည်။

**ကျောင်းကုန်း ပြည်လုံးချမ်းသာတံကဲတော်**

ကျောင်းကုန်းမြို့ ပြည်လုံးချမ်းသာရုပ်ပွားတော်တံကဲတော်သည် မြန်မာနိုင်ငံရှိ သက်တမ်းနှစ် ၁၀၀ ကျော်သော သစ်သားတံကဲများအနက် အမြင့်ဆုံးနှင့် အကြီးဆုံးဖြစ်သည်။

ပြည်လုံးချမ်းသာရုပ်ပွားတော်ကိုထုလုပ်ပြီး လက်ရှိပလ္လင်တော်ပေါ်၌ အပူဇော်ခံထားရှိချိန်တွင် ရုပ်ပွားတော်ကြီး၏ကျောဘက်တွင်ထားရှိမည့် တံကဲတော်ထုလုပ်ရန် ဘဒ္ဒန္တကေသရမဟာထေရ်က တံကဲပညာရှင် ဦးကံကြီးနှင့် သား ဦးတေတို့ကို အပ်နှံခဲ့သည်။

တံကဲတော်ကြီးကို ကျွန်းသစ်တုံးငါးတုံး၊ အထပ်ငါးထပ်တွင် ကနုတ်ပန်းများ၊ လူ၊ နတ်၊ တိရစ္ဆာန်ရုပ်များ ထည့်သွင်းထုလုပ်ခဲ့သည်။

ကျောင်းကုန်း ပြည်လုံးချမ်းသာတံကဲတော်ကို ရွှေကူတံကဲ၊ သီဟိုဠ်ရှင်တံကဲနှင့် ကနောင်တံကဲတို့ကို ထုလုပ်ခဲ့သည့် ပန်းပုပညာရှင်သားအဖက ထုလုပ်ခဲ့သဖြင့် လက်ရာများက များစွာတူညီနေခဲ့သည်။

ရွှေကူတံကဲတွင် ပန်းပုရုပ် ၁၃၆ ရုပ်နှင့် တိရစ္ဆာန်ရုပ် ၁၈ ရုပ်ထည့်သွင်းထုလုပ်ခဲ့ကာ ပြည်လုံးချမ်းသာတံကဲတော်တွင် လူ၊ နတ်၊ ဗြဟ္မာရုပ် ၁၇၄ ရုပ်နှင့် တိရစ္ဆာန်ရုပ် ၁၂ ရုပ် ပါရှိခဲ့သည်။ ရွှေကူတံကဲတော်ကို အထူရှစ်လက်မရှိသည့် ယမနေသစ်တုံး ငါးတုံးဖြင့် ထုလုပ်ခဲ့ကာ ပြည်လုံးချမ်းသာတံကဲတော်ကို ကျွန်းတုံး ငါးတုံးဖြင့် ထုလုပ်ခဲ့သည်။ ပြည်လုံးချမ်းသာတံကဲတော်၏ အထူသည် လက်ဝဲဘက်အခြမ်း၌ ခြောက်လက်မဖြစ်၍ လက်ယာဘက်အခြမ်း၌ ခုနစ်လက်မဖြစ်သည်။

ရွှေကူတံကဲတော်အမြင့်သည် ၁၂ ပေ ၁၀လက်မ၊ ရွှေတန့်တစ်တံကဲ၏ အမြင့်သည် ၁၃ ပေ သုံးလက်မရှိကာ ပြည်လုံးချမ်းသာတံကဲသည် ၂၅ ပေ ခုနစ်လက်မရှိသဖြင့် အမြင့်ဆုံးဖြစ်သည်။ တံကဲတော်အရွယ်သည် ရွှေကူတံကဲက ငါးပေ ၁၀ လက်မ၊ ရွှေတန့်တစ်တံကဲက ၁၀ ပေဖြစ်ပြီး ပြည်လုံးချမ်းသာတံကဲက ၁၅ ပေ ၁၀ လက်မရှိသဖြင့် အကြီးဆုံးလည်းဖြစ်သည်။ ပြည်လုံးချမ်းသာတံကဲတော်ကြီးတွင် ဇာတ်ကွက် ၁၅ ကွက်ကို ထွင်းထုထားရာ တာဝတိံသာနတ်ပြည်တွင် အဘိဓမ္မာတရားတော်များဟောကြားခဲ့သည့် ဘုရားရှင်သည် လူ့ပြည်သို့ မည်သည့်ရက်တွင်ပြန်လည်ဆင်းကြွလာမည်ကို လူပရိသတ်များက ရှင်မဟာမောဂ္ဂလာန်မထေရ်အား မေးမြန်းနေပုံကို တံကဲတော်၏ထိပ်ပိုင်းဝဲ၊ ယာနှစ်ဖက်တွင်ထွင်းထုထားသည်။ ပြည်လုံးချမ်းသာရုပ်ပွားတော်၏ လက်ယာဘက်အခြမ်းတွင် ဇာတ်ကွက်ငါးကွက်နှင့်လက်ဝဲဘက်ခြမ်းတွင် ဇာတ်ကွက်ကိုးကွက်တို့ကို ထုလုပ်ထားသဖြင့် ဇာတ်ကွက်ပေါင်း ၁၅ ကွက်ကို မြင်တွေ့ကြရပေသည်။ တံကဲတော်ကြီး၏ လက်ယာဘက်ခြမ်းတွင် အဇာတသတ်မင်းသားက ခမည်းတော်ဗိမ္ဗိသာရမင်းကြီးအားနန်းချစဉ် ဝေဒေဟီမိဖုရားကြီးငိုကြွေးနေပုံ၊ ထောင်သွင်းအကျဉ်းချခံထားသည့်မင်းကြီးအား မိဖုရားကြီးက စတုမဓုသုတ်လိမ်းထားသော မြတဘက်ဆက်နေပုံ၊ သိဒ္ဓတ္ထမင်းသား တောမထွက်မီ ယသော်ဓရာနှင့် သားတော်ရာဟုလာတို့ကို ကြာချည်လှပ်၍ကြည့်နေပုံ၊ တောထွက်သည့်လမ်းတွင် မာရ်နတ်က တားဆီးပုံနှင့် ဒသဂီရိဘီလူးက မယ်သီတာကို ပန်းရထားဖြင့်ခိုးယူပုံတို့ကို တွေ့ရှိရသည်။

တံကဲတော်လက်ဝဲဘက်အခြမ်းတွင် နေမိမင်းကြီးကို နတ်ပြည်သို့ခေါ်ဆောင်သွားပုံ၊ ဝေဿန္တရာမင်းကြီးထံမှ သားတော် ဇာလိနှင့် သမီးတော် ကဏှာဇိန်တို့ကို ဇူဇကာပုဏ္ဏားက အလှူခံပုံ၊ ကဏ္ဍကမြင်းသေဆုံးသဖြင့် မြင်းမြီးဆွဲမောင်ဆန် ငိုကြွေးနေပုံ၊ သိဒ္ဓတ္ထမင်းသားတောထွက်သွားသဖြင့် သားတော်ရာဟုလာကို ပွေ့ဖက်လျက် ယသော်ဓရာမင်းသမီးငိုကြွေးနေပုံ၊ သိဒ္ဓတ္ထမင်းသား ဆံတော်ပယ်၍ ယဋ္ဌိကာရဗြဟ္မာကြီးက ကြာသင်္ကန်းကပ်လှူပုံ၊ ဒေဝဒတ်က အဇာတသတ်မင်းသားအား ဖခင်ကိုသတ်ရန်အကြံပေးနေပုံ၊ မိဖုရားကြီး ဝေဒေဟီငိုကြွေးနေပုံ၊ ဖခင်ကြီးကို မသတ်ဖြတ်ရန် ဝေဒေဟီမိဖုရားကြီးက သားတော်အဇာတသတ်ကို တောင်းပန်နေပုံနှင့် ဗိမ္ဗိသာရမင်းကြီး၏ခြေဖဝါးကို ခွဲနေပုံတို့ကို ထုလုပ်ခဲ့သည်။

ပြည်လုံးချမ်းသာတံကဲတော်ကို ကျောင်းကုန်းနယ်သူ၊ နယ်သားများက စုပေါင်းလှူဒါန်းခဲ့ကာ တံကဲတော်ထုလုပ်ခဲ့သည့် ခုနှစ်သက္ကရာဇ်ကို ရေးသားထားသည်ဟုယူဆရသည့် ပေရွက်လွှာပုံသစ်ပြားငယ်တစ်ခုစီကို တံကဲတော်တစ်ဖက်စီတွင် မြင်တွေ့ရသော်လည်း တံကဲတော်ကို ဆေးများသုတ်ကာမွမ်းမံခဲ့သဖြင့် စာသားများကို မမြင်တွေ့ကြရတော့ပါချေ။ သို့သော် ပြည်လုံးချမ်းသာတံကဲတော်ကို ၁၉၀၆ ခုနှစ်က ထုလုပ်ခဲ့ကြောင်း မှတ်တမ်းများရှိခဲ့သည်။

ကျောင်းကုန်းနယ်သူ၊ နယ်သားများ အစဉ်အဆက်စောင့်ရှောက်ခဲ့သည့် တံကဲတော်ကြီးကို ရန်ကုန်မြို့မှ မိုင် ၇၀ ကွာဝေးပြီး ရန်ကုန်-ပုသိမ်မော်တော်ကားလမ်းပေါ်တွင်တည်ရှိသည့် ကျောင်းကုန်းမြို့၌ အလွယ်တကူ သွားရောက်ကြည့်ရှုနိုင်ကြသည်။ ထို့အတူ ချောင်းသာနှင့် ငွေဆောင်ပင်လယ်ကမ်းခြေသို့ သွားရောက်ကြသည့် ပြည်တွင်း၊ ပြည်ပခရီးသွားများသည် ကျောင်းကုန်းမြို့သို့ဝင်ရောက်ကာ ရှေးဟောင်းတံကဲတော်ကြီးကို လေ့လာနိုင်ကြသည်။

**ကနောင် မဟာမုနိ တံကဲတော်**

မြန်အောင်မြို့နယ် ကနောင်မြို့ ရိုက်စုရပ်ကွက် ဘုရားကြီးကျောင်းတိုက်အတွင်းရှိ မဟာလောကမုနိန်ကြေးသွန်းမြတ်စွာဘုရားကြီးသည် ဉာဏ်တော် ကိုးတောင် နှစ်မိုက်ရှိ၍ မြန်မာသက္ကရာဇ် ၁၂၆၂ ခုနှစ် တန်ခူးလဆုတ် ၃ ရက်(၁၉၀၀ ပြည့်နှစ် မေ ၁၆ ရက်) တနင်္လာနေ့တွင် သွန်းလုပ်ပြီးစီးခဲ့သည်။ ကြေးသွန်းဘုရားကြီး၏ မတည်အလှူရှင်သည် ကနောင်မြို့ မြောက်ရပ်မှ ဦးရွှေကျွမ်းနှင့် ဒေါ်လုံမတို့ဖြစ်၍ ပြည်မြို့ အင်ကြင်းမြောင်တောရဆရာတော် ဦးအာဘာသဦးစီး၍ မန္တလေးမြို့မှ ကြေးသွန်းပညာရှင်များက ဘုရားကြီးကျောင်းတိုက်အတွင်း၌ သွန်းလုပ်ခဲ့သည်။

မဟာလောကမုနိန်ရုပ်ပွားတော်၏ ယမနေသားတံကဲတော်ကြီးသည် အမြင့် ၁၈ ပေ ရှစ်လက်မ၊ အကျယ် ၁၅ ပေ သုံးလက်မနှင့် အထူခြောက်လက်မရှိကာ အထပ်လေးထပ်တွင် ဗုဒ္ဓဝင်ဇာတ်ကွက်များကို ထုလုပ်ထားသည်။ ကနောင်တံကဲတော်ကြီးကို တံကဲလက်မှုပညာရှင် ဦးကံကြီးနှင့် သားဦးတေတို့က သုံးနှစ်ကြာထုလုပ်ခဲ့ကာ လက်ခငွေကျပ် ဒင်္ဂါး ၃၀၀၀ ကုန်ကျခဲ့သည်။

တံကဲတော်၏ အရှေ့ဘက်ခြမ်းတွင် ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ကြာချည်လှပ်ခန်းကိုထုလုပ်၍ အနောက်ဘက်ခြမ်းတွင် ဝိဓူရဇာတ်တော်လာ ဇာတ်ကွက်တချို့နှင့် တံကဲတော်၏ထိပ်ပိုင်းတွင် မဟာဇနကဇာတ်တော်ကို ထွင်းထုထားသည်။

**မင်းလှတံကဲတော်**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ရှိ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်းတိုက်ဝင်းအတွင်းရှိ အနန္တမိဘမေတ္တာမင်္ဂလာသိမ်တော်တွင် ပူဇော်ထားရှိသည့် ဗုဒ္ဓရုပ်ပွားတော်၏တံကဲတော်သည် အမြင့် ၁၀ ပေ၊ အကျယ် သုံးပေ ငါးလက်မနှင့် ထု ခုနစ်လက်မရှိသည့် ယမနေသားတံကဲဖြစ်၍ ပန်းအထပ်ခုနစ်ထပ်တွင် အရုပ်ပေါင်း ၆၀ ကို ထွင်းထုထားသည်။ တံကဲတော်တွင် ဗုဒ္ဓဝင်လာဇာတ်ကွက် ခုနစ်ကွက်နှင့် ဒသဂီရိနှင့် မယ်သီတာဇာတ်လမ်းမှ ဇာတ်ကွက်တို့ကို ထုဆစ်ထားသည်။

တံကဲတော်ပေါ်တွင် သုဝဏ္ဏသာမဇာတ်၊ ဘုရားလောင်းတောထွက်ခန်း၊ ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်၍ ဘုရားလောင်းတရားကျင့်ပုံ၊ ဘုရားလောင်း ပျောက်သွားသဖြင့် ရှင်ဘုရင်ထံ သံတော်ဦးတင်ပုံ၊ ရာဇဗြိုဟ်သူဌေးအိမ်ရှေ့တွင် စိုက်ထူထားသည့်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ခရိုင်၌ တံတားငါးစင်းတည်ဆောက်ပေးသွားမည်

**နေပြည်တော် ဧပြီ ၂၅**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ခရိုင်၌ တံတားငါးစင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။


ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၏ တံတားအထူးအဖွဲ့ (၁၃) မြိတ်မြို့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေများဖြင့် တံတားငါးစင်းကို အကောင်အထည်ဖော်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ တည်ဆောက်ပေးသွားမည့် တံတားများမှာ ဖောင်ဆိပ်တံတား၊ အရှေ့မော်တုန်း-အနောက်မော်တုန်းတံတား၊ လင်းနို့ချောင်းတံတား၊ ထိန်ချောင်းတံတားနှင့် ဝဠမ်းချောင်းတံတားတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားများကို အကောင်အထည်ဖော် တည်ဆောက်ရာတွင် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား တင်ဒါဖိတ်ခေါ် ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ တံတားများ တည်ဆောက်ရန်အတွက် ဝယ်ယူဆောင်ရွက်သွားမည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများမှာ Cement၊ R/Sand၊ Chipping၊ J/Wood၊ S.H.D 10mm thk; M.S Plate၊ Ready Mixed Conc စသည့်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

တင်ဒါအောင်မြင်သည့်ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အဆိုပါ တံတားတည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်များသို့ သယ်ယူပို့ဆောင်ရောင်းချပေးရမည်ဖြစ်ကြောင်း သိရသည်။

တင်ဒါအဆိုပြုလွှာများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁၃) မြိတ်မြို့တွင် ရောင်းချပေးလျက်ရှိပြီး ယခုနှစ် မေ ၈ ရက်တွင် တင်ဒါလျှောက်လွှာပိတ်မည်ဖြစ်ကြောင်း သိရသည်။

SKL



➤ စာမျက်နှာ ၄ မှအဆက်

အတောင် ၆၀ မြင့်သောတိုင်ထိပ်ရှိ စန္ဒကူးသပိတ်ကိုရယူရန် တိတ္ထိခြောက်ဦးကြိုးပမ်းကြပုံ၊ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်က တန်ခိုးတော်ပြပြီး သပိတ်ကိုရယူပုံ၊ ဘာသာမဲ့ရာဇဗြိုဟ်သူဌေးကြီး ဗုဒ္ဓဘာသာအဖြစ်ခံယူပုံတို့ကို ထုလုပ်ထားပြီး တံကဲအလှူရှင်သည် မဟာသတိပဋ္ဌာန်ကျောင်းတိုက်အလှူရှင် ဦးပွန်နန်နှင့် ဒေါ်ငွေသက်ဖြစ်၍ ထုလုပ်သူမှာ ပခုက္ကူမြို့မှ ပန်းပုဆရာမောင်ဘိုးမင်းဖြစ်သည်။ မောင်ဘိုးမင်းသည် တံကဲတော်ကို မြန်မာသက္ကရာဇ် ၁၃၀၁ ခုနှစ်တွင် စတင်ထုလုပ်ရာ သုံးနှစ်ကြာမြင့်ခဲ့ပြီး အလှူရှင်က လက်ခ ငွေဒင်္ဂါးအပြား ၁၀၀ နှင့် ဝတ်စုံ သုံးစုံကို ဆုချခဲ့ကြောင်း တံကဲတော်မှတ်တမ်းတွင် ဖော်ပြထားသည်။

မြန်မာတို့၏ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် မွမ်းမံအလှဆင်မှုများဖြင့် ထုံမွမ်းရသည့် ပန်း ၁၀ မျိုးအတတ်ပညာများအနက် အချို့သည် ပျူခေတ်ကပင် ထွန်းကားခဲ့သဖြင့် ရှေးဟောင်းအနုလက်ရာများသည် ယနေ့တိုင် မြန်မာ့မြေပေါ်တွင် များစွာကြွင်းကျန်လျက်ရှိနေပေသည်။ ၎င်းတို့အနက် သစ်သားကိုထွင်းထုရသည့် ပန်းပုအတတ်ပညာသည် ခေတ်အဆက်ဆက်တိုးတက်ထွန်းကားလာခဲ့ရာ လူနှင့်ရုပ်တုကို မခွဲခြားနိုင်အောင် ထုလုပ်နိုင်ခဲ့ကြသည်။

ဗုဒ္ဓဘုရားရှင်ရုပ်တုတော်များကို ထုလုပ်၊ သွန်းလုပ်ပူဇော်ကြရာတွင် သစ်သားဆင်းတုရုပ်ပွားတော်များလည်းပါဝင်ခဲ့သည်။ ရုပ်ပွားတော်များ သီတင်းသုံးမည့်ပလ္လင်တော်များကို ထုလုပ်ချိန်ဝယ် ပလ္လင်နောက်မှီဖြစ်သည့် တံကဲတော်များကိုပါ ထည့်သွင်းထုလုပ်ခဲ့ကြသည်။ ထိုသို့ထုလုပ်ရာတွင် အပြောက်အမွမ်းများ၊ ကနုတ်ပန်းများ၊ ရုပ်လုံး၊ ရုပ်ခုံးများကိုပါ ထည့်သွင်းထုလုပ်ကြသဖြင့် ပန်းပုပညာရှင်၏ စိတ်ကူးဉာဏ်ကွန့်မြူးမှုအပေါ် မူတည်လျက် အလွန်လက်ရာမြောက်သည့်လက်ရာများ ပေါ်ထွက်ခဲ့သည်။

ထူးခြားခမ်းနားသည့် သစ်သားပလ္လင်တော်များနှင့် တံကဲတော်များကို ခေတ်အဆက်ဆက်ပြုလုပ်၊ ထုလုပ်ခဲ့ကြမည်ဖြစ်သော်လည်း သစ်ဆွေးမြည့်မှုဒဏ်၊ ရာသီဥတုဒဏ်၊ ပိုးမွှားများ၏ကိုက်ဖျက်မှုဒဏ်၊ မီးလောင်ခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်ဒဏ် စသည်တို့ကြောင့် သစ်သားများသည် နှစ် ၂၀၀ ကျော်၊ ၃၀၀ ကျော်ထက် ပို၍မခံနိုင်ကြပါချေ။ ထို့ကြောင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ကုန်းဘောင်ခေတ်လက်ရာဘုန်းတော်ကြီးကျောင်းနှင့်ဇရပ်များအပါအဝင် သစ်သားအဆောက်အအုံများ၊ သစ်သားရုပ်တုများနှင့် သစ်သားလက်ရာပစ္စည်းများကိုသာ အများဆုံးတွေ့ရှိကြရတော့ပေသည်။

သက်တမ်းနှစ် ၁၀၀ ကျော်ပြီဖြစ်သည့် တံကဲတော်များအပါအဝင် သစ်သားလက်ရာများသည် မြန်မာ့ဒြပ်ရှိယဉ်ကျေးမှုများအဖြစ် ဂုဏ်ယူဖွယ်ကျန်ရှိနေခဲ့ကြရာ ၎င်းတို့ကို အခွန့်ရှည်နိုင်သမျှ ရှည်ကြာစွာတည်ရှိနေစေရန် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၀)**
- **ပလ္လင်တံကဲ(လှိုင်ဝင်းဆွေ)**
- **ရွှေကူမြတ်စွာဘုရားကြီးသမိုင်း(အကေလာသ)**
- **မျက်ရှင်တော် ပြည်လုံးချမ်းသာမြတ်စွာဘုရားကြီး (သန်းမြင့်၊ ကျောင်းကုန်း)**
- **ကနောင်မြို့၏သမိုင်းမှတ်တမ်း(ဦးစန္ဒောဘာသ)**
- **မြန်အောင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)**
- **ပခုက္ကူမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)**
- **မင်းလှမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)**
- **ကျောင်းကုန်းမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)**

# မြန်မာ့စိတ်ရင်း

\- မြန်မာဟူသည် ကြည်ဖြူစိတ်ရင်း
မေတ္တာနှင်း၍ ရင်တွင်းမွေးမြ
နှလုံးလှနှင့် လောကအဝန်း
အေးငြိမ်းချမ်းအောင်
ရွက်ဆောင်ကြိုးပမ်းတတ်ပါသည်။

\- မြန်မာဟူသည် ဂြုစူမှုကင်း
တော်ဖြောင့်စင်း၍ ရင်တွင်းမှလာ
မုဒိတာနှင့် အာယာတမထား
လက်စားမချေ သည်းခံထွေဖြင့်
ကျေနပ်ခွင့်လွှတ်တတ်ပါသည်။

\- မြန်မာဟူသည် ကူညီရိုင်းပင်း
စောင့်ရှောက်ခြင်းဖြင့် ရင်တွင်းမွေးထုံ
အမျိုးဂုဏ်ကို လုံအောင်စောင့်ထိန်းတတ်ပါသည်။

\- မြန်မာဟူသည် အေးတူပူမျှ
ခံစားကြရင်း ဘဝရေဆန်
လောကဓံကို တွန်းလှန်ဖြိုခွဲ
အနိုင်နွှဲ၍ အောင်ပွဲများစွာယူတတ်သည်။

\- မြန်မာဆိုတာ မေတ္တာသစ္စာ
နှောင်ဖွဲ့ကာဖြင့် ရင်မှာပွားများ
မြတ်တရားနှင့် ကိုယ့်အားကိုယ့်မာန်
ကိုယ်ပိုင်ဟန်ဖြင့် ကိုယ့်ခြံကိုယ့်ဝင်း
ကိုယ့်သီချင်းဖြင့် မိတ်သင်းဖွဲ့ကာ
ချစ်ကြည်စွာပင် မာယာမနှော
သဘောပြည့်ဝ ဆက်ဆံကြသည်
မြန်မာ့စိတ်ရင်း မွေးပျံ့သင်း။
ဟန်ဆောင်မှုကင်း ဂုဏ်ရည်လင်း။ ။

**မောင်ထည်ဝါ(ပျော်ဘွယ်)**

# ပွင့်ဖြူမြို့နယ် စေတကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ပွင့်ဖြူ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စေတကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးပေးခြင်းကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှဌေးမောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် စီမံကိန်းရန်ပုံငွေစာရင်းဇယားများကို စနစ်တကျမှတ်တမ်းပြုစုထိန်းသိမ်းဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စေတကူကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအသင်းသား၊ အသင်းသူ ၁၁၁ ဦးအား ငွေကျပ် ၃၄ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## လတ်ဗီးယားနိုင်ငံက FIM-92 Stinger MANPADS ပခုံးထမ်းဒုံးကျည်များ ယူကရိန်းသို့ပေးပို့သွားမည်



လတ်ဗီးယားသည် ၎င်း၏ FIM-92 Stinger MANPADS ပခုံးထမ်းလေယာဉ်ပစ်ဒုံးကျည်စနစ်များကို ယူကရိန်းသို့လွှဲပြောင်းပေးရန် လုပ်ဆောင်နေကြောင်း လတ်ဗီးယားကာကွယ်ရေးဝန်ကြီး Inara Murniece၏ ပြောကြားချက်ကို ကိုးကား၍ www.armyrecognition.com တွင် ဧပြီ ၂၂ ရက်က ရေးသားဖော်ပြထားသည်။

ကျန်ရှိနေသေးသော Stinger ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်အားလုံး ယူကရိန်းနိုင်ငံထံမှ တောင်းဆိုမှုကို လတ်ဗီးယားနိုင်ငံက တုံ့ပြန်ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။

"ယူကရိန်းကိုတတ်နိုင်သမျှ မြန်မြန်ဆန်ဆန် ပို့ဆောင်ပေးဖို့ ကျွန်တော်တို့ကတိပြုထားပါတယ်"ဟု Murniece က ပြောကြားခဲ့သည်။

ထို့ပြင် လတ်ဗီးယားသည် ယူကရိန်းတပ်ဖွဲ့ဝင်များ လေ့ကျင့်သင်တန်းပေးရေးအစီအစဉ်များပံ့ပိုးပေးရန်ပါ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယူကရိန်းပဋိပက္ခ စတင်ကတည်းက လတ်ဗီးယားနိုင်ငံသည် နည်းလမ်းများစွာဖြင့် ပံ့ပိုးကူညီမှုများဆက်တိုက်ပြုလုပ်ခဲ့သည်။ ၂၀၂၃ ခုနှစ် မတ်လမှစတင်ကာ စစ်သုံးယာဉ်များ ပံ့ပိုးပေးခဲ့သည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လကလည်း M109 ယာဉ်တင်ဟောင်ဝစ်ဇာအမြောက် ခြောက်စီး ပံ့ပိုးပေးခဲ့သည်။

ထို့ပြင် ယူကရိန်းသို့ Mil Mi-8M-TV-1 သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်နှစ်စင်းနှင့် Mil Mi-2 သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်နှစ်စင်းတို့ကို ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ပေးအပ်ခဲ့ပြီး Mi-17 ရဟတ်ယာဉ် နှစ်စင်းကိုလည်း မကြာမီပေးပို့ရန်စီစဉ်ထားသည်။

လတ်ဗီးယားနိုင်ငံမှ ကာကွယ်ရေးကုမ္ပဏီများသည် လတ်ဗီးယားကာကွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် ၂၀၂၂ ခုနှစ်ကတည်းက ယူကရိန်းစစ်ဘက်ထံ ပေးပို့ခဲ့သော မောင်းသူမဲ့လေယာဉ်အစင်းရေ ၉၀ ကျော်ရှိခဲ့ပြီဖြစ်သည်။ FIM-92 Stinger လေယာဉ်ပစ်ဒုံးကျည်စနစ်များကို ၂၀၂၂ ခုနှစ်မှစ၍ ပေးပို့ခဲ့ပြီး ဆက်လက်ပေးပို့ရန် စီစဉ်နေခြင်းလည်းဖြစ်သည်။

လတ်ဗီးယားနိုင်ငံသည် ဒါဇင်ပေါင်းများစွာသော စက်သေနတ်များ၊ ခဲယမ်းမီးကျောက်များ၊ ကိရိယာတန်ဆာပလာများနှင့် ကျည်ကာဦးထုပ်များ၊ ရိက္ခာခြောက်များ၊ ဆေးဝါးများအပါအဝင် ပံ့ပိုးရေးပစ္စည်းများပါ ကုန်တင်ကားအစီး ၃၀ နှင့် ဟောင်ဝစ်ဇာအမြောက်များအတွက် အပိုပစ္စည်းများ ပံ့ပိုးပေးရန်စီစဉ်ထားသည်။

လေ့ကျင့်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍများတွင် နိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ယူကရိန်းတပ်ဖွဲ့ဝင် ၁၀၀၀ ကို လေ့ကျင့်သင်တန်းပေးခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နောက်ထပ် ဦးရေ ၂၀၀၀ ကို လေ့ကျင့်ပေးရန်စီစဉ်ထားသည်။ ၎င်းတို့သည် တပ်ဖွဲ့ဝင် ၂၅၀ အတွက် မိုင်းလေ့ကျင့်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ၂၀၂၂ ခုနှစ်တွင် သင်တန်းသားဦးရေ ၁၃၀ နှင့် ၂၀၂၃ ခုနှစ်တွင် နောက်ထပ်ဦးရေ ၁၂၀ ကို လေ့ကျင့်ပေးသွားနိုင်ရန် ကမ်းလှမ်းခဲ့သည်။

နောက်ဆုံးတွင် လတ်ဗီးယားနိုင်ငံသည် ရီဂါမြို့တော်ကောင်စီက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ယူရို ငါးသိန်းနှင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် လတ်ဗီးယားအစိုးရထံမှ ယူရို ၁ ဒသမ ၂ သန်းကို ယူကရိန်းသို့ ဘဏ္ဍာရေးအကူအညီများ ပေးအပ်ခဲ့သည်။

FIM-92 Stinger MANPADS (Man-Portable Air Defense System) ပခုံးထမ်းဒုံး လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ပေါ့ပါးပြီး ပခုံးဖြင့်ထမ်း၍ ပစ်ခတ်နိုင်သော မြေပြင်မှဝေဟင်ပစ် ဒုံးကျည်စနစ်ဖြစ်ပြီး အနိမ့်ပျံလေယာဉ်များကို ပစ်မှတ်ထား တိုက်ခိုက်ဖျက်ဆီးရန်အတွက် ဒီဇိုင်းထုတ်ထားသည်။

အမေရိကန်နိုင်ငံက တီထွင်ထုတ်လုပ်ထားသည့် အဆိုပါ ပခုံးထမ်းဒုံးလက်နက်စနစ်သည် ခြေလျင်တပ်များအတွက် လေကြောင်းခြိမ်းခြောက်မှုများမှကာကွယ်ရာတွင် စွယ်စုံရ ထိရောက်သောလက်နက်ဖြစ်သည်။

FIM-92 Stinger MANPADS သည် တောင်ပံသေတပ် လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် မောင်းသူမဲ့လေယာဉ် (UAV သို့မဟုတ် ဒရုန်းများ) အပါအဝင် ဝေဟင်မှ ခြိမ်းခြောက်မှုအမျိုးမျိုးကို တန်ပြန်ရန် ဒီဇိုင်းထုတ်ထားသည်။ ခန့်မှန်းခြေအားဖြင့် အကွာအဝေး ၈ ကီလိုမီတာ (၅ မိုင်)ရှိ ပစ်မှတ်များနှင့် အမြင့်မီတာ ၃၈၀၀ (ပေ ၁၂၅၀၀)ထိ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

**Latvia to send its entire FIM-92 Stinger missiles MANPADS stock to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## Raytheon ကုမ္ပဏီက တန်ပြန်ဒရုန်းစနစ်များ ရောင်းချပေးနိုင်ရန် အမေရိကန်ကြည်းတပ်မှ အမေရိကန်ဒေါ်လာ ၂၃၇ သန်းရှိ စာချုပ်လက်ခံရရှိ

Raytheon Technologies ကုမ္ပဏီသည် ရန်သူ့ဒရုန်းများကို တန်ပြန်ပျက်ပြယ်နိုင်စေရန်အတွက် Kuband Radio Frequency Sensors (KuRFS)အာရုံခံစနစ်များနှင့် Coyote Effectors တိုက်ခိုက်ရေးလက်နက်များ၊ တန်ပြန်ဒရုန်းစနစ်များ ရောင်းချပေးနိုင်ရန်အတွက် အမေရိကန်ကြည်းတပ်မှ အမေရိကန်ဒေါ်လာ ၂၃၇ သန်းတန် စာချုပ်ကို လက်ခံရရှိခဲ့ကြောင်း ဧပြီ ၂၁ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

စာချုပ်တွင် အမေရိကန်နိုင်ငံ ဗဟိုကွပ်ကဲမှုစစ်ဌာနချုပ်၏ စစ်ဆင်ရေးများကို အထောက်အကူဖြစ်စေမည့် မြေပြင်အခြေစိုက်နှင့်အလွယ်တကူသယ်ဆောင်သွားနိုင်သောစနစ်များ လွှဲပြောင်းပေးအပ်နိုင်ရေးပါဝင်သည်။

စနစ်တွင်ပါရှိသည့် KuRFS အာရုံခံစနစ်သည် လေကြောင်းခြိမ်းခြောက်မှုများကို ၃၆၀ ဒီဂရီပတ်လည် ထောက်လှမ်းသိရှိနိုင်မည်ဖြစ်သည်။

တစ်ချိန်တည်းတွင် Coyote တုံ့ပြန်ရေးလက်နက်သည် ရန်သူ့ဒရုန်းများကို တန်ပြန်ဖျက်ဆီးနိုင်ရန် တပ်ဖြန့်အသုံးပြုသွားမည်လည်း ဖြစ်သည်။

Raytheon ကုမ္ပဏီဥက္ကဋ္ဌ Tom Laliberty က ယနေ့ခေတ်တွင် ရန်သူ့မောင်းသူမဲ့ လေကြောင်းစနစ်များသည် စစ်ဘက်အတွက် သိသာထင်ရှားသော ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုအဖြစ်ဖော်ပြခဲ့သည်။

အဆိုပါစနစ်များသည် အမေရိကန်စစ်ဘက်အခြေစိုက်စခန်းများနှင့် ပိုင်ဆိုင်မှုများအတွက် ယုံကြည်စိတ်ချရပြီး မရှိမဖြစ် လိုအပ်သောကာကွယ်ရေးအလွှာတစ်ခုကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း Tom Laliberty က ပြောကြားခဲ့သည်။

Raytheon ၏KuRFS အာရုံခံစနစ်သည် ရန်သူ့ဒရုန်းများအပြင် ဝင်ရောက်လာနိုင်သော ရန်သူ့ဒုံးကျည်များ၊ အမြောက်များနှင့် မော်တာကျည်များကို သိရှိထောက်လှမ်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။



သတ်မှတ်ထားသောနေရာ သို့မဟုတ် စစ်သုံးယာဉ်ပေါ်တွင် မိနစ် ၃၀ အတွင်း တပ်ဆင်အသုံးပြုနိုင်သည်ဟု သိရသည်။

KuRFS အာရုံခံကိရိယာသည် မြေပြင်အခြေစိုက် Phalanx Weapon System၊ စွမ်းအင်မြင့်လေဆာစနစ်များ၊ Coyote ကဲ့သို့သော ခံစစ်လက်နက်များနှင့်ချိတ်ဆက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

Tube-Launched Coyote Effector တွင် ပိုမိုကောင်းမွန်သောစောင့်ကြည့်ထောက်လှမ်းမှုပုံရိပ်ဖော်စနစ်၊ ပစ်မှတ်ထားတိုက်ခိုက်နိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ ပစ်မှတ်ပျက်စီးဆုံးရှုံးမှု အကဲဖြတ်ဆန်းစစ်နိုင်မှုတို့ ပါရှိသည်။ မြေပြင်၊ ဝေဟင် သို့မဟုတ် သင်္ဘောတို့တွင် တပ်ဖြန့်အသုံးပြုနိုင်မည်လည်းဖြစ်သည်။

**Raytheon Clinches $237M US Army Counter-Drone Systems Contract ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

## နိုင်ငံတကာ အားကစားသတင်းများ

# နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကို ကမ္ဘာ့အဆင့်(၁)နေရာလက်လွှတ်ခဲ့ရ

**တက္ကဆက် မေ ၂၅**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပခဲ့သည့် Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့တွင် Cut စာရင်းပါသွားခဲ့သည့် နယူးဇီလန် ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုသည် ပြိုင်ပွဲအပြီးတွင် ကမ္ဘာ့အဆင့်(၁)နေရာကို လက်လွှတ်ခဲ့ရကြောင်း Stuff သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ်ဂေါက်သီးရိုက်ရာသီတွင် ရလဒ်ကောင်းများတောက်လျှောက် ရယူနိုင်ခဲ့သည့် လိုင်ဒီယာကိုသည် Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရလဒ်များ ဆိုးရွားခဲ့ပြီး ငါးလကြာရပ်တည်နိုင်ခဲ့သည့် ကမ္ဘာ့အဆင့်(၁)နေရာကို Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယနေရာရခဲ့သော အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါထံသို့ လွှဲပြောင်းပေးခဲ့ရသည်။

နယ်လီကော့ဒါက "ဒီနှစ်အတွင်း အဓိကဆုဖလားတွေ ဆွတ်ခူးချင်ပါတယ်။ အဓိကဆုဖလားတွေဆွတ်ခူးနိုင်ဖို့ကြိုးစားနေတဲ့ အခြေအနေမှာ ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူနိုင်ခဲ့တာက ကြီးမားတဲ့ဆုတစ်ခုပါပဲ။ ကြိုးစားမှုတွေကြောင့် ရလာတဲ့ရလဒ်တစ်ခုထိ ဂုဏ်ယူမိပါတယ်။ ကမ္ဘာ့အဆင့်(၁)နေရာမှာ ရပ်တည်တဲ့အတွက် ဒီနေရာကို ဆက်ထိန်းသိမ်းနိုင်ဖို့ ပိုပြီးကြိုးစားသွားရမယ်ဆိုတဲ့ ဖိအားတော့ဝင်လာပါတယ်။ Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ တုန်းက ချန်ပီယံဖြစ်ဖို့အကောင်းဆုံး ကြိုးစားခဲ့တယ်။ ဒါပေမဲ့ အမှားအယွင်းတချို့ရှိခဲ့တဲ့အတွက် အောင်မြင်မှုနဲ့ လွဲချော်ခဲ့ရတယ်။ ပြိုင်ပွဲအဆုံးမှာ ကမ္ဘာ့အဆင့်(၁) နေရာကိုရရှိခဲ့တဲ့အတွက် ဒီပြိုင်ပွဲဟာကျွန်မအတွက် ကျေနပ်စရာကောင်းတဲ့ရလဒ်တွေ ရယူနိုင်ခဲ့တဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

လိုင်ဒီယာကိုသည်ကစားသမားဘဝသက်တမ်းတစ်လျှောက် ကမ္ဘာ့အဆင့်(၁)နေရာမှ တတိယအကြိမ်မြောက် ဖယ်ပေးခဲ့ရခြင်းဖြစ်ပြီး နောက်ဆုံးထုတ်ပြန်ခဲ့သည့်ထုတ်ပြန်ချက်အရ နယ်လီကော့ဒါက ကမ္ဘာ့အဆင့်(၁)၊ လိုင်ဒီယာကိုက ကမ္ဘာ့အဆင့်(၂)နှင့် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုက ကမ္ဘာ့အဆင့်(၃)နေရာ၌ ရပ်တည်ခဲ့ကြောင်း သိရသည်။ AZL



# စပါးအသင်းက ယာယီနည်းပြ စတယ်လီနီကိုထုတ်ပယ်၍ ရိုင်ယန်မေဆင်ကို အစားထိုးခန့်အပ်




**လန်ဒန် မေ ၂၅**

စပါးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၃၂)တွင် နယူးကာဆယ်အသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ယာယီနည်းပြစတယ်လီနီကို ရာထူးမှ ထုတ်ပယ်ရန်ဆုံးဖြတ်ခဲ့ပြီး နည်းပြရိုင်ယန်မေဆင်ကို အစားထိုးခန့်အပ်ခဲ့ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြစတယ်လီနီသည် ယခုလပထမပတ်မှစ၍ စပါးအသင်းကို စတင်တာဝန်ယူခဲ့ရာ အမှတ်ပေးပြိုင်ပွဲ လေးပွဲတွင် တစ်ပွဲသာအနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ပြီးခဲ့သည့် တနင်္ဂနွေနေ့က ကစားခဲ့သည့် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် ခြောက်ဂိုးတစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းပိုင်ရှင် လီဗိုင်းက စတယ်လီနီကို ထုတ်ပယ်ခဲ့ပြီး နည်းပြရိုင်ယန်မေဆင်ကိုခန့်အပ်ခဲ့သည်။

စပါးအသင်းဥက္ကဋ္ဌ လီဗိုင်းက "လက်ရှိမှာ အသင်းအနေနဲ့ စတယ်လီနီနဲ့ နည်းပြအဖွဲ့တွေကို ရာထူးကထုတ်ပယ်လိုက်ပါပြီ။ စတယ်လီနီဟာ ပရော်ဖက်ရှင်နယ်နည်းပြတစ်ဦးဖြစ်ပေမဲ့ တနင်္ဂနွေနေ့က နယူးကာဆယ်အသင်းနဲ့ပွဲမှာ ၂၁ မိနစ်တွင်း ငါးဂိုးပေးခဲ့ရတဲ့ ရလဒ်ကတော့ လက်ခံလို့မရအောင်ဆိုးရွားလွန်းပါတယ်။ အဲ့ဒီရလဒ်ကြောင့် အသင်းအနေနဲ့ ချန်ပီယံလိဂ်ကစားဖို့ မျှော်လင့်ချက်မရှိတော့ပါဘူး။ အခုချိန်မှာတော့ ရိုင်ယန်မေဆင်ကို နည်းပြခန့်အပ်ထားပါတယ်။ သူဟာကစားသမားတွေနဲ့ အသင်းအကြောင်းကို ကောင်းကောင်းသိတာကြောင့် ရလဒ်ကောင်းတွေ ယူဆောင်ပေးနိုင်မှာပါ"ဟုပြောကြားခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၃၂)အပြီးတွင် ရမှတ် ၅၃ မှတ်သာရရှိထားသည့် စပါးအသင်းသည် အဆင့်(၅)နေရာတွင် ရပ်တည်နေသော်လည်း အဆင့်(၄)မှ မန်ယူအသင်းနှင့်ရမှတ် ခြောက်မှတ် ကွာဟလျက်ရှိသည့်အပြင် နှစ်ပွဲပို ကစားထားသောကြောင့် လက်ကျန်ပွဲစဉ်များကိုအနိုင်ရမည်ဆိုပါကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန်မသေချာတော့ကြောင်း သိရသည်။ ML

# အေတီကိုအသင်းသို့ပြောင်းရွှေ့မည့် ခံစစ်ကစားသမား ဆိုရန်ဆူ အကြိုသဘောတူညီမှုလက်မှတ်ရေးထိုးရန်စီစဉ်

**လန်ဒန် မေ ၂၅**

လက်စတာအသင်း ခံစစ်ကစားသမား ဆိုရန်ဆူသည်ယခုနှစ်ဘောလုံးရာသီကုန်တွင် အေတီကိုအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် အကြိုသဘောတူညီမှုလက်မှတ်ရေးထိုးရန် စီစဉ်ခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ ခံစစ်ကစားသမား ဆိုရန်ဆူသည် ၂၀၁၈ ခုနှစ်က ဖရိုင်းဘတ်အသင်းမှလက်စတာအသင်းသို့ စတာလင်ပေါင် သန်း ၂၀ ဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၂၉ ပွဲ၌ သွင်းဂိုး သုံးဂိုး သွင်းယူခဲ့ကာ ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ငါးပွဲသာ ပါဝင်ခွင့်ရခဲ့သဖြင့် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး အေတီကိုအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရယူခဲ့ပြီးနောက် အကြိုလက်မှတ်ရေးထိုးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဆိုရန်ဆူသည် လက်စတာအသင်းတွင် ဘောလုံးရာသီငါးရာသီ ကစားခဲ့ရာတွင် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတွင် အသင်းကို အက်ဖ်အေဖလားရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့သူဖြစ်သော်လည်း စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းအနေဖြင့် သက်တမ်းတိုးရန် ကမ်းလှမ်းမှုမပြုလုပ်ခဲ့သဖြင့် လာလီဂါကလပ် အေတီကိုအသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။

လက်စတာအသင်းသည်ယခုနှစ်ဘောလုံးရာသီ ပွဲစဉ် ၃၂ အပြီးတွင် အဆင့်(၁၇)နေရာတွင် ရောက်ရှိနေသော်လည်း တန်းဆင်း၄န်မှအဲဗာတန်၊ နော်တင်ဟမ်၊ ဆောက်သမ်တန်အသင်းတို့နှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသဖြင့် လာမည့်ပွဲစဉ်ခြောက်ပွဲကို ရမှတ်ဆုံးရှုံးခဲ့ပါက တန်းဆင်းရမည့် အန္တရာယ်ရှိနေသော်လည်းအသင်းမှ ထွက်ခွာမည် ဆိုရန်ဆူမှာ လာလီဂါတွင် အဆင့်(၃) နေရာရောက်ရှိနေသည့် အေတီကိုအသင်းသို့ပြောင်းရွှေ့မည်ဖြစ်သောကြောင့် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲကစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ ML

# ဘောလုံးရာသီ ၁၃ ရာသီအတွင်း ချန်ပီယံလိဂ်ပြိုင်ပွဲကစားခွင့် လွဲချော်မည့်အရေးနှင့် အေဂျက်အသင်း ရင်ဆိုင်နေရ

**အမ်စတာဒမ် မေ ၂၅**

ပီအက်စ်ဗွီအသင်းနှင့် အေဂျက်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် အေဂျက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်နှင့် လွဲချော်ခဲ့ပြီး ဘောလုံးရာသီ ၁၃ ရာသီဆက် ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဝင်ခွင့်နှင့်လွဲချော်ရမည့် အရေးနှင့် ကြုံတွေ့နေရကြောင်း Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် အေဂျက်အသင်းသည် အမှတ်ပေးပြိုင်ပွဲ ၃၀ ကစားအပြီးတွင် ရမှတ် ၆၂ မှတ်သာရရှိခဲ့သောကြောင့် အဆင့်(၃) နေရာတွင် ရောက်ရှိနေပြီး အဆင့်(၁)မှ ဖီယင်နုအသင်းနှင့် ရမှတ် ၁၁ မှတ်၊ အဆင့်(၂)မှ ပီအက်စ်ဗွီအသင်းနှင့် ရမှတ် သုံးမှတ်ကွာဟနေသော်လည်း လာမည့်ပွဲစဉ်လေးပွဲကို ရှုံးပွဲကြုံခဲ့ပါက ချန်ပီယံလိဂ်ဝင်ခွင့်အတွက် Play-off ကစားခွင့်ပါပျောက်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

အေဂျက်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီသုံးရာသီဆက်တိုက် အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ရယူနိုင်ခဲ့သည့်အပြင် ၂၀၁၉ ခုနှစ်က ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ပြီးနောက် အသင်းမှ ခြေစွမ်းပြကစားသမားအချို့ကို လက်လွှတ်ခဲ့ရကာ ယခုနှစ်ဘောလုံးရာသီတွင်လည်း နည်းပြတန်ဟတ်ကို ထပ်မံဆုံးရှုံးခဲ့ရသောကြောင့် ပြိုင်ပွဲစုံတွင် ရလဒ်ပိုင်းကျဆင်းခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကစားခွင့်ရရှိရန် အခွင့်အရေးနည်းပါးလျက်ရှိသည်။



အေဂျက်အသင်း ယာယီနည်းပြ ဟိုက်တင်ဂါက "ကျွန်တော်တို့အသင်းအနေနဲ့ စွမ်းဆောင်ရည်ကောင်းတွေရှိနေပေမဲ့ အခုချိန်မှာ အခက်အခဲနဲ့ ကြုံတွေ့နေရပါတယ်။ အေဂျက်အသင်းဟာ အခုနှစ်ဥရောပပြိုင်ပွဲမှာ နာပိုလီအသင်း၊ လီဗာပူးအသင်းတို့ကို ဂိုးပြတ်ရှုံးပြီး အုပ်စုအဆင့်က ထွက်ခွာခဲ့ရသလို ခုနစ်ပွဲဆက်တိုက် နိုင်ပွဲမရခဲ့တဲ့ အခိုက်အတန့်တွေလဲ ရှိခဲ့ပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့အခုနှစ်မှာ မထင်မှတ်ဘဲရလဒ်ဆိုးရွားခဲ့ပေမဲ့ လာမဲ့နှစ်မှာတော့ အခုလိုမျိုးမဖြစ်အောင်ကြိုးစားရမှာပါ"ဟုပြောကြားခဲ့ကြောင်း သိရသည်။ ML

## အားကစားသတင်း အတိုအထွာများ

- ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်အနေဖြင့် ပြီးခဲ့သည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင်ရရှိခဲ့သည့် ခြေချင်းဝတ်ဒဏ်ရာကြောင့် စပါးအသင်းနှင့် ကစားရမည့်ပွဲစဉ်ကို လွဲချော်မည်ဟု မန်ယူအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- နာပိုလီအသင်းခံစစ်ကစားသမား ကင်မင်ဂျေးကိုခေါ်ယူရန် စပါး၊ လီဗာပူး၊ မန်ယူအသင်းတို့နှင့်အပြိုင် မန်စီးတီးအသင်းလည်း ပါဝင်လာခဲ့ကြောင်း သိရသည်။
- စပါးအသင်းအနေဖြင့် တိုက်စစ်မှူး ဟယ်ရီကိန်းကို ရောင်းချခဲ့ပါက တစ်ပတ်လုပ်ခစတာလင်ပေါင် ၃၀၀၀၀၀ ထိ ပေးရန် စီစဉ်ထားကြောင်း မန်ယူအသင်းက ထုတ်ပြန်ခဲ့သည်။ ML

# အာရှအမျိုးသမီးယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းက အိမ်ရှင်ကာဂျစ်စတန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် ဧပြီ ၂၅**

၂၀၂၄ အာရှအမျိုးသမီးယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဧပြီ ၂၄ ရက် မြန်မာစံတော်ချိန် ည ၈နာရီခွဲက ကာဂျစ်စတန်နိုင်ငံ ဘစ်ကတ်မြို့တွင် အိမ်ရှင်ကာဂျစ်စတန်အသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအမျိုးသမီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက မြန်မာအမျိုးသမီးအသင်းက တိုက်စစ်ဆင် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် လေးမိနစ်တွင် ယုယနိုင်က မြန်မာအမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက် ကာဂျစ်စတန်အမျိုးသမီးအသင်း၏ ပြန်လည် ဖိအားပေးမှုများကြောင့် အကြိတ်အနယ် ရှိခဲ့သော်လည်း ပထမပိုင်းပြီးဆုံးချိန်တွင် မြန်မာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ကာဂျစ်စတန်အသင်းက ချေပဂိုးအတွက် ဖိအားပေးကစားရန် ကြိုးပမ်းခဲ့သော်လည်း ထိရောက်သည့် တိုက်စစ်ဆင်မှုမပြုလုပ်နိုင်ခဲ့ဘဲ မြန်မာအသင်းကသာ ဂိုးပေါက်ခြိမ်းခြောက်မှုဖြင့်ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း သွယ်ဖြူးဦး၏ ကန်သွင်းချက်ကို ကာဂျစ်စတန်အသင်း ဂိုးသမားက ကာကွယ်နိုင်ခဲ့သည့်အတွက် ပွဲအပြီးတွင် မြန်မာအမျိုးသမီးအသင်းက ယုယနိုင်၏ တစ်လုံးတည်းသောဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ၂၀၂၄ အာရှအမျိုးသမီးယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုဒုတိယပွဲစဉ်အဖြစ် ဧပြီ ၂၈ရက် မြန်မာစံတော်ချိန် ည ၈နာရီတွင် အိန္ဒိယအမျိုးသမီးအသင်းနှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# WBA စူပါဖလိုင်းဝိတ်တန်းချန်ပီယံကာကွယ်ပွဲ၌ အိုင်အိုကာနှင့် ဂျိုရှာအန်တိုနီတို့ ထိုးသတ်မည်

**တိုကျို ဧပြီ ၂၅**

WBO စူပါဖလိုင်းဝိတ်တန်း ချန်ပီယံ ဂျပန်လက်ဝှေ့သမား အိုင်အိုကာနှင့် WBA စူပါဖလိုင်းဝိတ်တန်းချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဂျိုရှာအန်တိုနီတို့သည် ဇွန် ၂၄ ရက်တွင် မကျေပွဲစဉ်အဖြစ် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ထိုးသတ်မည်ဖြစ်ကြောင်း အိုင်အိုကာက ထုတ်ပြန်ခဲ့သည်ဟု JP Times သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိုင်အိုကာနှင့် ဂျိုရှာအန်တိုနီတို့သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက WBA စူပါဖလိုင်းဝိတ်တန်း ချန်ပီယံအတွက် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ထိုးသတ်ခဲ့ရာ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

အိုင်အိုကာသည် WBO စူပါဖလိုင်းဝိတ်တန်းချန်ပီယံကို ကာကွယ်ထိုးသတ်ရမည့် အချိန်ကာလရောက်ရှိလာပြီဖြစ်သည့်အတွက် WBO အဖွဲ့ချုပ်က လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဂျပန်လက်ဝှေ့သမား နာကာတာမိနှင့် ထိုးသတ်ရန် ညွှန်ကြားခဲ့သည်။

အိုင်အိုကာက"ကျွန်တော့်အနေနဲ့ဂျိုရှာအန်တိုနီနဲ့မကျေပွဲထိုးသတ်ဖို့ပိုပြီးစိတ်ဝင်စားပါတယ်။ဒါကြောင့် WBO စူပါဖလိုင်းဝိတ်တန်းလက်ရှိ ချန်ပီယံဆုကို ကာကွယ်မဲ့အရေးထက် ဂျိုရှာအန်တိုနီနဲ့ထိုးသတ်ဖို့ကို ရွေးချယ်ခဲ့တာပါ။ ကျွန်တော်နဲ့ ဂျိုရှာအန်တိုနီကြား ပြတ်သားတဲ့ အနိုင်အရှုံးရလဒ်ထွက်ပေါ်လာရေးကိုပဲ ပိုပြီးစိတ်ဝင်စားတဲ့အတွက် WBO စူပါဖလိုင်းဝိတ်တန်းလက်ရှိ ချန်ပီယံဆုကို စွန့်လွှတ်ခဲ့တာပါ။ ဂျိုရှာအန်တိုနီနဲ့က မနှစ်ကထိုးသတ်ခဲ့တာ သရေရလဒ်ပဲထွက်ပေါ်ခဲ့ပါတယ်။ဒီတစ်ကြိမ်မှာတော့ပြတ်သားတဲ့ရလဒ်တစ်ခု ထွက်ပေါ်လာမယ်လို့ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။

အိုင်အိုကာသည် နာကာတာမိနှင့်လက်ရှိချန်ပီယံဆုကိုကာကွယ်ရေးထက် ဂျိုရှာအန်တိုနီနှင့် ထိုးသတ်ရေးကိုသာ ပိုမိုစိတ်ဝင်စားနေသည့်အတွက် WBO စူပါဖလိုင်းဝိတ်တန်းလက်ရှိ ချန်ပီယံဆုကို လက်လွှတ်လိုက်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

AZL

# စပိန်လာလီဂါအဖွဲ့ချုပ်က လာမည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှစတင်ကာ အဖွဲ့ချုပ်လိုဂိုကို အသစ်ပြောင်းလဲအသုံးပြုရန်စီစဉ်

**မက်ဒရစ် ဧပြီ ၂၅**

စပိန်လာလီဂါ အဖွဲ့ချုပ်က လာမည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှစတင်ကာ အဖွဲ့ချုပ်လိုဂိုကို အသစ်ပြောင်းလဲအသုံးပြုရန် ပြင်ဆင်လျက်ရှိနေသည်ဟု Sportbabile သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်လာလီဂါဘောလုံးအဖွဲ့ချုပ်က လက်ရှိအသုံးပြုနေသည့် အဖွဲ့ချုပ်လိုဂိုဖြစ်သည့် အရောင်မျိုးစုံပါဝင်သည့် ဘီးပုံသဏ္ဌာန်လိုဂိုကို အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်နေပြီဖြစ်သည့်အတွက် ယခုအခါလာမည့်ဘောလုံးရာသီမှစတင်ကာ လိုဂိုအသစ်ကို အသုံးပြုရန် ပြင်ဆင်နေခြင်းဖြစ်သည်။

စပိန်လာလီဂါ အဖွဲ့ချုပ်က လက်ရှိအသုံးပြုနေသည့် လိုဂိုမှာ နှစ်ပေါင်း ကြာမြင့်နေပြီဖြစ်သည့်အတွက် ခေတ်နှင့်အညီ လိုဂိုအသစ်တစ်ခုဖန်တီးပြီး အသုံးပြုရန်စီစဉ်နေသကဲ့သို့ စပိန်လာလီဂါပြိုင်ပွဲအမည်ကိုလည်း လက်ရှိအသုံးပြုနေသည့်Laliga Stander အမည်ကို အသစ်ပြောင်းလဲပြီး Laliga EA Sports အမည်သစ်ဖြင့် ပြောင်းလဲအသုံးပြုရန်ပြင်ဆင်နေသည်။

စပိန်လာလီဂါ အဖွဲ့ချုပ်က လာမည့်ဘောလုံးရာသီမှစတင်ကာ ပြောင်းလဲအသုံးပြုသွားမည့် လိုဂိုသစ်ကို အတည်ပြုထုတ်ပြန်ခြင်း မရှိသေးသော်လည်း အင်တာနက်စာမျက်နှာများထက်တွင်ပျံ့နှံ့လာခဲ့ပြီး လိုဂိုသစ်ပုံစံမှာ အနီရောင်မျဉ်းကြောင်းနှစ်ခုဖြင့်ပုံဖော်ထားပြီး ပြိုင်ပွဲအမည်စာလုံးကိုလည်း အနီရောင်ဖြင့် ဖန်တီးထားသည်။

လက်ရှိ အင်တာနက်လူမှုကွန်ရက်စာမျက်နှာတွင် စပိန်လာလီဂါအဖွဲ့ချုပ်လိုဂိုပုံစံ ပျံ့နှံ့လာခဲ့ပြီးနောက် ပရိသတ်အများစုက ဝေဖန်မှုများပြုလုပ်ခဲ့ကြပြီး ရင်းနှီးပြီးသားဖြစ်သည့် ယခင်လိုဂိုအဟောင်းကိုသာ ဆက်လက်အသုံးပြုရန်အတွက်အကြံပြုမှုများလည်း ရှိခဲ့ကြောင်း သိရသည်။

STA

# Mutua Madrid Open ပြိုင်ပွဲမှ ဒဏ်ရာပြဿနာကြောင့် အွန်ဂျပ်ဘာ နုတ်ထွက်




**မက်ဒရစ် ဧပြီ ၂၅**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပမည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည်ဟု တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာက ပြောကြားခဲ့ကြောင်းSportsnaut သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အွန်ဂျပ်ဘာသည် ခြေသလုံးကြွက်သားဒဏ်ရာရရှိခဲ့သည့်အတွက်ကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာပြဿနာကိုလိုအပ်သောဆေးစစ်မှုခံယူသွားရမည်ဖြစ်သည်။

အွန်ဂျပ်ဘာသည် မကြာသေးမီက ဂျာမနီနိုင်ငံတွင်ကျင်းပခဲ့သည့် စတုဂတ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်၌ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် စဝီယာတက်ခ်နှင့် ယှဉ်ပြိုင်ကစားခဲ့စဉ် ခြေသလုံးကြွက်သားဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာကြောင့် စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အနားယူခဲ့ရပြီး ဒဏ်ရာအခြေအနေကို လိုအပ်သောဆေးစစ်မှုခံယူပြီးမှသာ မည်သည့်ကာလအထိ အနားယူသွားရမည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း အွန်ဂျပ်ဘာက ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့အဆင့်(၄) နေရာတွင် ရပ်တည်နေသော အွန်ဂျပ်ဘာသည် ၂၀၂၂ ခုနှစ် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုကိုဆွတ်ခူးခဲ့သူဖြစ်ပြီး လက်ရှိချန်ပီယံဆုကိုကာကွယ်ရန် ပြိုင်ပွဲဝင်မည့်စာရင်းတွင်မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း သိရသည်။ AZL

# ဘောလုံးလောကတွင် ဝင်ငွေအများဆုံးရှာဖွေပေးနိုင်သည့်အကယ်ဒမီအဖြစ် ဘင်ဖီကာအသင်းလူငယ်အကယ်ဒမီ ထိပ်ဆုံးတွင်ရပ်တည်



**လစ္စဘွန်း ဧပြီ ၂၅**

ဘောလုံးလောက၏ ဝင်ငွေအများဆုံး ရှာဖွေပေးနိုင်သည့် အကယ်ဒမီစာရင်းတွင် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းလူငယ်အကယ်ဒမီက ထိပ်ဆုံးတွင်ရပ်တည်နိုင်ခဲ့သည်ဟု CIES Observatory က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိထိပ်တန်းလိဂ်တစ်ခုဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ၎င်းတို့အသင်းအကယ်ဒမီမှ ကစားသမားများကို မွေးထုတ်ပြီး အသင်းကြီးတွင်အသုံးပြုလေ့ရှိကြသော်လည်း အကယ်ဒမီထွက်ကစားသမားများကိုရောင်းချမှုနည်းပါးခဲ့ပြီး အများဆုံးစာရင်း၌ သုံးသင်းသာ ပါဝင်လာခဲ့သည်။

CIES Observatory က စစ်တမ်းကောက် ဖော်ပြခဲ့သည့် ဘောလုံးလောက၏ အကယ်ဒမီမှ ထွက်ပေါ်လာသည့် ကစားသမားများကိုရောင်းချပြီး ဝင်ငွေအများဆုံးရရှိထားသည့် အကယ်ဒမီစာရင်းတွင် ဘင်ဖီကာအသင်းအကယ်ဒမီက ယူရိုသန်း ၆၇၀ ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ချဲလ်ဆီးအသင်းအကယ်ဒမီက ယူရိုသန်း ၆၃၀၊ ဘာစီလိုနာအသင်းအကယ်ဒမီက ယူရိုသန်း ၅၈၀၊ အေဂျက်အသင်းအကယ်ဒမီက ယူရို ၅၅၅ သန်း၊ ပီအက်စ်ဂျီအသင်းအကယ်ဒမီက ယူရိုသန်း ၄၉၀၊ ဆာပေါ်လိုအသင်းအကယ်ဒမီက ယူရို ၄၇၅ သန်း၊ဆန်းတိုစ်အသင်းအကယ်ဒမီက ယူရို ၄၄၅ သန်း၊ ဖလာမင်ဂိုအသင်းအကယ်ဒမီက ယူရို ၄၃၈ သန်း၊ အာဆင်နယ်အသင်းအကယ်ဒမီက ယူရိုသန်း ၄၀၀ နှင့် စပါးအသင်းအကယ်ဒမီက ယူရို ၃၈၉ သန်းဖြင့် ရပ်တည်လျက်ရှိကြောင်း သိရသည်။

STA

# ပြင်းထန်လွန်းသောအပူချိန်အောက်တွင် ကျန်းမာရေးကို အထူးဂရုပြုသွားစေလို

မေ ၁၉ ရက်က ချောက်မြို့အပူချိန်သည် ၄၅ ဒီဂရီ စင်တီဂရိတ်ကျော်ထိ စံချိန်တင်မြင့်တက်ခဲ့သည်။ ထို့အတူ မန္တလေးအပါအဝင် အညာဒေသမှ မြို့ကြီး ရှစ်မြို့၏အပူချိန်သည်လည်း ၄၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာခဲ့သည်။ မိုးမကျသေးမီ မေလအတွင်း၌ အပူချိန် ဆက်လက်မြင့်တက်လာဖွယ်ရာ ရှိနေသည်။ ယခင်က အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်ထိ ပူပြင်းမှုသည် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများတွင်သာ ကြုံတွေ့ရလေ့ရှိသည်။ အပူချိန် ၄၀ ဒီဂရီ စင်တီဂရိတ်လောက်သည်ပင်လျှင် လွန်စွာပူပြင်းလှပေသည်။ နေ့စဉ်မြင့်တက်လျက်ရှိသော အပူချိန်ကြောင့် နည်းနည်းလေးလှုပ်ရှားရုံမျှဖြင့် မောဟိုက်ပင်ပန်းနွမ်းနယ်လာသည်။ လူကြီး၊ လူငယ်အားလုံး အပူဒဏ်ကို အလူးအလဲခံနေကြရသည်။

**ရာသီဥတုပြောင်းလဲ**

ပုံမှန်အားဖြင့် သင်္ကြန်မတိုင်မီ မိုးတစ်ဖြိုက်နှစ်ဖြိုက်လောက်ရွာသွန်းသဖြင့် သစ်ပင်များတွင် ရွက်နုလေးများထွက်လာပြီး စိမ်းစိုကာ အပူဒဏ်အနည်းငယ်လျော့နည်းစေသည်။ ယခုနှစ်တွင် မိုးတစ်ကြိမ်မျှ မရွာသေးသဖြင့် အပူချိန်ပိုမိုမြင့်တက်လျက်ရှိသည်။ အပူချိန်မြင့်တက်လာမှုနှင့်အတူ မီးဘေးအန္တရာယ်ကိုလည်း သတိထားကြရသည်။ အချို့သောဒေသများတွင် သောက်သုံးရေအတွက် မိုးကိုမျှော်နေကြရပြီဖြစ်သည်။ ယခုကဲ့သို့ ပူပြင်းသည့်အချိန်မျိုးတွင် မိုးရွာသွန်းမည်ဆိုလျှင် လူနှင့်တိရစ္ဆာန်များသက်သာရာရစေမည်ဖြစ်သည်။ သို့သော် လူတို့၏ပယောဂကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ခပ်စိပ်စိပ်ဖြစ်ပေါ်လျက်ရှိသည်။ ဥတုရာသီ တောကိုမှီဆိုသည့်အတိုင်း သစ်တောများပြုန်းတီးလာသဖြင့် ဂေဟစနစ်လည်း ယိုယွင်းလာခဲ့သည်။

**ရှောင်ရန်အချက်များ**

ပြင်းထန်လှသောအပူဒဏ်ကို အန်တုနိုင်ရန်အတွက် ရေစိမ်ချိုးခြင်း၊ ရေခဲရေသောက်ခြင်း၊ အဲကွန်းနှင့် ပန်ကာလေခံခြင်း၊ အပေါ်အင်္ကျီချွတ်ထားခြင်းစသည့်ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသောပြုမူနေထိုင်မှုများကို လူတိုင်းနီးပါးပြုမူလာကြသည်။ အထူးသဖြင့် ညဘက်တွင် အပူချိန်ကြောင့် နှစ်ခြိုက်စွာအိပ်မရသဖြင့် ဖျာ၊ သင်ဖြူးများကို ရေဆွတ်ခြင်း၊ အိပ်ရာခင်းများကို ရေဆွတ်ခြင်းများ ပြုလုပ်လာကြသည်။ နေ့ခင်းဘက်တွင်လည်း အချို့သောလုပ်သားများသည် ပုဆိုး၊ တဘက်များကို ရေဆွတ်ခြုံကာ အလုပ်လုပ်နေကြသည်ကိုတွေ့ရသည်။ ကျန်းမာရေးအတွက် လွန်စွာအန္တရာယ်ရှိသော လုပ်ရပ်များဖြစ်ပေသည်။ အခိုက်အတန့်သာ အပူသက်သာသော်လည်း ရေရှည်တွင် ကျန်းမာရေးအတွက် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သည်။

အပူပြင်းထန်လှသောကြောင့် နံနက် ၈ နာရီလောက်ကတည်းက အပေါ်အင်္ကျီများ ချွတ်ချင်လာကြသည်။ အမှန်တကယ်မှာ ထိုသို့မပြုလုပ်သင့်ပေ။ အင်္ကျီချွတ်ထားသူတစ်ဦးသည် အဲကွန်းနှင့်ပန်ကာလေတိုက်ရိုက်ထိခံရပါက ကိုယ်လက်များနာကျင်ကိုက်ခဲလာသည်။ နေ့စဉ် ထိုသို့ပြုမူနေထိုင်သွားမည်ဆိုလျှင် ကိုယ်လက်နာကျင်ကိုက်ခဲ ဖျားနာလာမည်ဖြစ်သည်။

နွေရာသီတွင် အပူချိန်ပြင်းထန်လှသဖြင့် အရက်၊ ဘီယာ သောက်သုံးခြင်းကို လုံးဝရှောင်ကြဉ်သင့်သည်။ အယ်လ်ကိုဟောနှင့်ပြင်းထန်အပူချိန်တို့ ပေါင်းစပ်လိုက်လျှင် ဦးနှောက်သွေးကြောပြတ်သည့်အဆင့်သို့ပင် ရောက်သွားနိုင်သည်။ တတ်နိုင်ပါက ဆေးလိပ်ကိုလည်း ရှောင်ရှားသွားသင့်သည်။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးအပြင် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရသဖြင့် အထူးသဖြင့် နွေရာသီတွင်ဆေးလိပ်သောက်သည့် အလေ့အထကို ရှောင်ရှားပြုမူသွားသင့်သည်။

နွေရာသီနေ့ခင်းဘက်တွင် နေအပူချိန်အောက်၌ လုပ်ကိုင်ကြရသူများသည် ပူလောင်မှုနှင့်ဆာလောင်မှုဒဏ်ကို အခိုက်အတန့်ပြေပျောက်စေရန် ရေခဲရေသောက်ခြင်း၊ ရေခဲထုပ်၊ ရေခဲချောင်းများစားခြင်း၊ လက်လုပ်ချဉ်(သရက်သီး၊ ဇွေးသီး)များနှင့် အသုပ်မျိုးစုံတို့ကို စားလေ့ရှိကြသည်။ ထိုသို့ပြုမူခြင်းသည် ကျန်းမာရေးကို များစွာထိခိုက်စေသည်။ ပူပြင်းလှသော နေ့ခင်းဘက်များတွင် တတ်နိုင်ပါက ရေခဲရေသောက်သည့် အလေ့အထကို ရှောင်သင့်သည်။ ရေခဲရေသည် အဝင်အေးသော်လည်း ဝမ်းတွင်းရောက်ပါက အပူကိုသာ အားပေးစေသည်။ ရေခဲရေသည် “သောက်လေသောက်လေ ငတ်မပြေ” ဆိုသလို ထပ်ခါထပ်ခါ သောက်နေချင်သည်။

> ❖ နွေရာသီတွင် ယင်နားစာများ၊ ဝမ်းနူးစာများ၊ လက်လုပ်ချဉ်များ၊ အမှည့်လွန်သောအသီးများ စားသုံးခြင်းမျိုးကိုလည်း ရှောင်ရှားသင့်သည်။ နွေရာသီတွင် အဖြစ်များသောရောဂါသည် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်သဖြင့် အထူးဂရုစိုက်သင့်သည်။ ရေရှားပါးသောကြောင့် မသန့်ရှင်းသောရေများကို သောက်သုံးမိခြင်း၊ သန့်ရှင်းစင်ကြယ်စွာ ဆေးကြောထားခြင်းမရှိသော အိုး၊ ခွက်၊ ပန်းကန်များကို အသုံးပြုခြင်းတို့ကြောင့်လည်း နောက်ဆက်တွဲကျန်းမာရေးပြဿနာ ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် သန့်ရှင်းစွာနေထိုင်ခြင်းဖြင့် နွေရာသီတွင် ရောဂါမရဘဲကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ❖

နွေရာသီတွင် ယင်နားစာများ၊ ဝမ်းနူးစာများ၊ လက်လုပ်ချဉ်များ၊ အမှည့်လွန်သောအသီးများ စားသုံးခြင်းမျိုးကိုလည်း ရှောင်ရှားသင့်သည်။ နွေရာသီတွင် အဖြစ်များသောရောဂါသည် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်သဖြင့် အထူးဂရုစိုက်သင့်သည်။ ရေရှားပါးသောကြောင့် မသန့်ရှင်းသောရေများကို သောက်သုံးမိခြင်း၊ သန့်ရှင်းစင်ကြယ်စွာ ဆေးကြောထားခြင်းမရှိသော အိုး၊ ခွက်၊ ပန်းကန်များကို အသုံးပြုခြင်းတို့ကြောင့်လည်း နောက်ဆက်တွဲကျန်းမာရေးပြဿနာဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် သန့်ရှင်းစွာနေထိုင်ခြင်းဖြင့် နွေရာသီတွင် ရောဂါမရဘဲကျော်ဖြတ်နိုင်မည်ဖြစ်သည်။

နွေရာသီတွင် ကိုယ်ကျပ်အဝတ်အထည်များ ဝတ်ဆင်ခြင်းကို ရှောင်ရှားသင့်ပြီး ပါးလွှာချောင်ချိသော ချည်ထည်များကို ဝတ်ဆင်ခြင်းသည် အပူသက်သာစေနိုင်ပေသည်။ အပူမလျှပ်အောင် အထူးဆင်ခြင်ရန်လိုသည်။ နေအပူမှပြန်လာပြီး ချက်ချင်း အဲကွန်းခန်းအတွင်းသို့ဝင်ခြင်းသည် အပူလျှပ်စေနိုင်သည်။ ထို့ပြင် နေအပူရှိန်ပြင်းသည့် နေ့ခင်းဘက်တွင်လည်း ရေချိုးခြင်းကို ရှောင်ရှားသင့်ပေသည်။

**ဆောင်ရန်အချက်များ**

နွေရာသီတွင် မကြာခဏရေသောက်သော်လည်း အာသာမပြေဘဲ ထပ်ခါထပ်ခါသောက်ချင်တတ်သည်။ ထိုသို့ မဖြစ်စေရန် ရေနွေးကြမ်းကိုအအေးခံပြီး သောက်သင့်သည်။ ရေနွေးကြမ်းသည် မကြာခဏရေဆာနေသည့်ဆန္ဒကို ပြေပျောက်စေသည်။ နေ့ခင်းဘက်တွင် ထန်းလျက်ခဲအနည်းငယ်ကိုက်ပြီး ရေနွေးကြမ်း ပူပူလေးသောက်လိုက်မည်ဆိုလျှင် ရေဆာလောင်နေမှုကို ပြေပျောက်စေသည့်အပြင် ပြင်းထန်လှသော အပူဒဏ်ကိုပါ မေ့လျော့စေနိုင်သည်။ ထို့ပြင် နွေရာသီတွင် သောက်ရေအတွက် ညဘက်ကတည်းက သဲအိုးထဲတွင်ရေထည့်ထားသင့်သည်။ ထိုသို့ ထည့်ထားလျှင် သဲအိုးထဲရှိရေသည် နေ့ခင်းဘက်တွင် ရေခဲရေကဲ့သို့ပင်အေးစိမ့်ပြီး ကျန်းမာရေးနှင့်လည်း ကိုက်ညီမှုရှိသည်။

နွေရာသီတွင် နေ့ခင်းဘက်၌ အပူဒဏ်ခံနိုင်ပြီး ကျန်းမာစွာနေထိုင်နေရန်အတွက် နံနက်စောစောကတည်းက အိမ်အောက်ကို ရေဖျန်းထားသင့်သည်။ တတ်နိုင်ပါက အိမ်ဘေးပတ်လည်ကိုလည်း ရေဖျန်းထားသင့်သည်။ ထိုသို့ရေဖျန်းထားလျှင် နေ့ခင်းဘက် အပူချိန်ကို အထိုက်အလျောက်သက်သာစေသည်။ ညဘက်တွင် နှစ်ခြိုက်စွာ အိပ်စက်နိုင်ရေးအတွက် အိပ်ရာမဝင်မီရေချိုးခြင်း၊ ကိုယ်လက်သန့်စင်ခြင်းများပြုလုပ်ပြီး လေဝင်လေထွက်ကောင်းစေရန် တံခါးအားလုံးကိုဖွင့်ထားရန် လိုအပ်သည်။ အထူးသဖြင့် ခြင်ထောင်ထောင်အိပ်ရန် မမေ့သင့်ပေ။ ရေရှားပါးသောဒေသများတွင် ရေဖတ်တိုက်ပြီးမှ အိပ်ရာဝင်သင့်ပေသည်။ သနပ်ခါးထူထူလိမ်းထားခြင်းသည်လည်း အပူဒဏ်ခံနိုင်ပြီး အအေးဓာတ်ရစေသည်။

**Heatstroke ဖြစ်တတ်**

နွေရာသီတွင် ပြင်းထန်သောအပူချိန်ကြောင့် Heatstroke ဖြစ်တတ်သည်။ ထိုသို့ဖြစ်ပွားလျှင် ရှေးဦးသူနာပြုစုနည်းအတိုင်း အပူသက်သာစေရန် ဆောင်ရွက်ပေးပြီး နီးစပ်ရာဆေးခန်း၊ ဆေးရုံသို့ သွားရန်လိုအပ်သည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများတွင် Heatstroke ဖြစ်တတ်သဖြင့် ဂရုစိုက်သင့်သည်။ ကလေးများတွင်လည်း ချွေးမှတစ်ဆင့် မိတ်ဖုကဲ့သို့သော အနီအပိန့်များထွက်လာပြီး အဖျားတက်သည်ထိ ဖြစ်ပွားနိုင်သည်။ ထို့ကြောင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပြီး ကလေးငယ်များကို မြန်မာသနပ်ခါးများ လိမ်းပေးထားမည်ဆိုလျှင် အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်**

ထို့ပြင် လူကိုအန္တရာယ်ဖြစ်စေနိုင်သော ခရမ်းလွန်ရောင်ခြည်သည်လည်း နွေရာသီတွင် အညွှန်းကိန်းပိုမိုမြင့်တက်လေ့ရှိသည်။ အညွှန်းကိန်း ၁၁ ထက်ကျော်လွန်သည့် ခရမ်းလွန်ရောင်ခြည် ကြာကြာထိမိလျှင် ဆိုးကျိုးများစွာဖြစ်စေနိုင်သည်။ အထူးသဖြင့် အသားအရေနေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ပွားခြင်း၊ အမြင်အာရုံအားနည်းခြင်းနှင့် သား၊ သမီး ရရှိနိုင်မှုအခွင့်အလမ်းတို့ကိုပါ နည်းပါးစေသည်။ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမြင့်မားသည့်နေ့ခင်းဘက်တွင် နေရောင်အောက်သို့သွားလာခြင်းကို ရှောင်ကြဉ်သင့်သည်။ မဖြစ်မနေသွားလာရမည်ဆိုပါကလည်း လုံခြုံသောအင်္ကျီရှည်၊ ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်း၊ ဦးထုပ်၊ ထီးဆောင်းခြင်း၊ နေလောင်ဒဏ်ခရင်မ်လိမ်းခြင်းတို့ကို ဆောင်ရွက်သင့်ပေသည်။

**ပြင်းထန်လွန်းသောအပူချိန်အောက်တွင် ကျန်းမာရေးကို အထူးဂရုစိုက်စေလို**

နွေရာသီအပူဒဏ်ကို အန်တုနိုင်ရန်သည် သဘာဝကပေးထားသော သစ်ရိပ်၊ ဝါးရိပ်များသာလျှင် အကောင်းဆုံးဖြစ်သည်။ မိမိအိမ်ပတ်ဝန်းကျင်တွင် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးထားမည်ဆိုလျှင် နွေရာသီအပူဒဏ်ကို အထိုက်အလျောက် ကာကွယ်နိုင်မည်ဖြစ်သည်။ တောဓလေ့ ထန်းရွက်နှင့် သက်ငယ်ပျစ်တဲများသည် အပူဒဏ်ခံနိုင်သော အဆောက်အအုံများပင်ဖြစ်သည်။ တတ်နိုင်ပါက သက်ကြီးရွယ်အိုများနှင့်ကလေးများအတွက် ယာယီအပူရှောင်တဲများ ဆောက်လုပ်ပေးထားသင့်ပေသည်။

အမှန်တော့ “အသက်ကိုဉာဏ်စောင့် ဥစ္စာကိုကံစောင့်”ဆိုသလို ပြင်းထန်လှသော အပူဒဏ်အောက်တွင် ကျန်းမာစွာဖြတ်သန်းနိုင်ရေးအတွက် နေထိုင်မှုပုံစံများ မှန်ကန်ရန်လိုသည်။ လူသားတို့သည် အနာဂတ်ကာလတွင် အစွန်းရောက်ရာသီဥတုကိုဆက်တိုက်ကြုံတွေ့လာရတော့မည်ဖြစ်သည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုအပ်သည်။ အထူးသဖြင့် ယခုလိုပူပြင်းလှသောနွေရာသီတွင် အပူဒဏ်ကိုခံနိုင်ရန်အတွက် သဘာဝနည်းကိုသာ အသုံးပြုသင့်သည်။ ဆိုလိုသည်မှာ သဘာဝကျကျနေထိုင်သွားမည်ဆိုလျှင် အပူဒဏ်ကို လွယ်ကူစွာကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများ၊ သဘာဝလွန်အစားအသောက်များကိုသာ အသုံးပြုမှီဝဲသွားမည်ဆိုလျှင် ရေရှည်တွင် ကျန်းမာရေးကို များစွာထိခိုက်စေနိုင်သဖြင့် ချင့်ချိန်သုံးစွဲသွားသင့်ပါကြောင်း အကြံပြုတိုက်တွန်းသွားလိုပါသည်။

**မောင်စိန်အိ (နဘဲမြေ)**

# ကော့ကရိတ်မြို့နယ် နောင်လီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး စစ်ဆေး

**ကော့ကရိတ် မေ ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံဘိုင်းကျေးရွာအုပ်စု နောင်လီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လက်ရှိမြေပြင်အခြေ အနေ၊ အနိမ့်၊ အမြင့် တိုင်းတာခြင်းများကို မေ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နောင်လီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လမ်းအရှည်၊ အကျယ်မှာ သတ်မှတ်ထားသည့် စံနှုန်းများနှင့်ကိုက်ညီမှု ရှိ၊ မရှိ၊ မြေပြင်အခြေအနေနှင့်ကိုက်ညီသည့် လမ်းအမျိုးအစားဖြစ်ရေးအတွက် မြေအနိမ့်၊ အမြင့် တိုင်းတာခြင်းလုပ်ငန်းနှင့် အမှန်တကယ်အကျိုးပြုမည့် စိုက်ပျိုးမြေ ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ကော့ကရိတ်မြို့နယ် နောင်လီကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းဖောက်လုပ်ပေးမည်ဆိုပါက နောင်လီကျေးရွာရှိ လယ်ယာမြေဧက ၁၀၀ ကျော်မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ အချိန်မီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က ပြောပြ၍ သိရသည်။

**သုတ**

# အမ်းမြို့နယ်တွင် ဒီရေတောရေိယာဧက ၃၀၀၀၀ ခန့်ကို ဒေသခံပြည်သူများအသုံးပြုနိုင်ရန် စိုက်ပျိုးထိန်းသိမ်းထား



**အမ်း ဧပြီ ၂၅**

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ဒီရေတောရေိယာဧက ၃၀၀၀၀ ခန့်ကို ဒေသခံပြည်သူများ အသုံးပြုနိုင်ရန် စိုက်ပျိုးထိန်းသိမ်းထားကြောင်း အမ်းမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ အဖွဲ့ဝင် ဦးမျိုးလွင်က ပြောပြ၍ သိရသည်။

အဆိုပါ ထိန်းသိမ်းထားနိုင်သည့်ဒီရေတောများမှာ အမ်းမြို့နယ်အတွင်းရှိ ကျားအိုချောင်း၊ မြုံဦးကျွန်း၊ ဇီးကျွန်းမော်၊ ဆရာတော် ဦးဥတ္တမဘေးမဲ့တောနှင့် ဆန္ဒင်းတောတို့တွင် ဖြစ်ကြောင်း သိရသည်။

"ထိန်းသိမ်းထားတဲ့ ဒီရေတောတွေ ပြန်းတီးသွားရင်တောင် မြေဧရိယာတွေကို ဒေသခံတွေ အသုံးပြုဖို့အတွက် အများစုကျန်နေအောင် ကြိုးစားနေပါတယ်။ ထိန်းသိမ်းထားတဲ့ ဒီရေတောနေရာတွေကို ဒေသခံပြည်သူတွေ အသုံးပြုနိုင်ဖို့ ထိန်းသိမ်းထားနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ၎င်းက ပြောပြသည်။

အမ်းမြို့နယ်တွင် ယခုနှစ် ဇန်နဝါရီလကစတင်ကာ ဧပြီလထိ လေးလအတွင်း အမ်းမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း ဒီရေတောသစ်ပင်အရေအတွက် တစ်သိန်းခန့်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် ဒီရေတောဧက စုစုပေါင်း ၃၉၅၇၂၆ ဧကရှိပြီး မောင်တောခရိုင်တွင် ဧက ၅၃၂၀၊ စစ်တွေခရိုင်တွင် ဧက ၇၄၆၀ မြောက်ဦးခရိုင်တွင် ၁၄၈၂၆၈ ဧက၊ ကျောက်ဖြူခရိုင်တွင် ဧက ၈၃၆၆၀ နှင့် သံတွဲခရိုင်တွင် ၈၃၈၇၆ ဧကရှိကြောင်း ရခိုင်ပြည်နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ASH

# ကွမ်းလုံမြို့နယ် ကောင်းကဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွမ်းလုံ ဧပြီ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကောင်းကဲ့ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေများ သတ္တမအကြိမ်ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် စသည့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပြီး မိသားစုဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း၊ ရရှိလာသည့် မြစိမ်းရောင်အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းက အကျိုးပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်နှင့် ပြန်ဆပ်ရမည့်ကာလတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကောင်းကဲ့၊ ခမ်းဒိန်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံသို့ ငွေကျပ် ၄၅၉ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



ထို့နောက် ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များက ကောင်းကဲ့၊ ခမ်းဒိန်ကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း ၂၁ ဦးအား ငွေကျပ် ၄၅၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# သပိတ်ကျင်းမြို့နယ် လိပ်ကျကျေးရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် စက်ရေတွင်းကြံ့ခိုင်မှုရှိ၊မရှိ စစ်ဆေး

**သပိတ်ကျင်း ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုံးဝုံးကျေးရွာအုပ်စု လိပ်ကျကျေးရွာ၌ နွေကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် စက်ရေတွင်းများ ကြံ့ခိုင်မှုရှိ၊ မရှိအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအောင်စည်သူနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ အုံးဝုံးကျေးရွာအုပ်စု လိပ်ကျကျေးရွာ၌ နွေကာလ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးနှင့် စက်ရေတွင်းများ ကြံ့ခိုင်မှုရှိ၊မရှိအခြေအနေများ၊ လက်ရှိအချိန်တွင် ရေပေးဝေသုံးစွဲနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သောက်သုံးရေဖူလုံစွာပေးဝေနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ပြုပြင်ဆောင်ရွက်ရန် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိပ်ကျကျေးရွာတွင် သောက်သုံးရေဖူလုံစွာပေးဝေနိုင်ရန်အတွက် အကျယ် လေးလက်မ၊ အနက်ပေ ၃၀၀ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေနှင့် အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လည်းကောင်း၊ နှစ်လက်မ၊ သုံးလက်မ ပိုက်အရှည် ပေ၂၂၁၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။

**အေးသူ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၄-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၈၅၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၃၀၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၉၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects construction of Mara Vijaya Buddha Image



Senior General Min Aung Hlaing visits Mara Vijaya Buddha Image construction site.

**Nay Pyi Taw April 25**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by officials, inspected construction of Mara Vijaya Buddha Image being built in the Mara Vijaya Buddha Park in Dekkhinathiri Township in Nay Pyi Taw in the union territory this morning.

First, at the briefing hall, the Senior General heard reports on implementation of instructions given by the Senior General during inspection tours on 5 and 22 April, carving the Buddha image and arrangements for obeisance, making handicraft designs, measures taken to depict a sacred hair between the eyebrows of the Buddha image and efforts to describe the measurements and weight of the Buddha image that can read through QR Code presented by Lt-Gen Kan Myint Than of the Office of the Commander-in-Chief (Army) and on construction of religious edifices, the fountain square, the platform, the Gandha Kuti buildings, the Mucalinda Lake and the Nagayon pagoda, the Sasana Beikman and stupas for stone inscriptions and archways in the Buddha park and progress of work presented Quarter Master General Lt-Gen Kyaw Swar Lin.

Then, the Senior General and party inspected the progress of work in carving the Buddha image and construction of the religious flagmast, Gandha Kuti buildings, prayer halls, the fountain square, archways, stupas for stone inscriptions and the Mucalinda Lake and attended to needs reported by officials.


Senior General Min Aung Hlaing observes handicraft works.

Mara Vihaya Buddha Image is being constructed with four aims of highlighting to the world that Theravada Buddhism is firmly flourishing in Myanmar, making Myanmar the epicenter of Theravada Buddhism, ensuring peace and tranquility in the country and promoting peace and prosperity in the world. The sacred marble pieces for the Buddha image was conveyed from the marble hill in Madaya Township to Hsimikhon Jetty via waterway and then conveyed on modular trailers along Mandalay-Yangon Expressway to Nay Pyi Taw by overcoming many challenges. Then, the sacred marble pieces were carved by technicians by using high-tech CNC machines and modern equipment day and night.

The Buddha Image, which is made up of sections 1, 2 and 3, was conveyed on the jewelled throne from the auspicious time on 26 January to 31 January. The auspicious ceremonies to enshrine precious gems and religious objects donated by well-wishers all over the entire country led by the Senior General into the reliquaries at centre points on the throne were successfully held on 27 January and on 10 February. Well-wishers across the country who donated precious gems and religious objects shared merit at the ceremonies. The auspicious ceremony to convey the fourth section of the Buddha image onto the throne on 11 February and 95 percent of the carving tasks have been completed.

At the same time, religious edifices are being constructed in the Buddha Park and stone inscriptions of Buddhist canons in conformity with the Sixth Synod in Pali and Romanized language are being erected under the guidance of venerable Sayadaws to enable the world to study Buddhist cannons. Marble slabs which have been inscribed with Tripitaka Buddhist canons delivered by the Buddha are being erected to enable devotees to study them while making pilgrimage to the Buddha image. Moreover, measures are being taken to publish Buddhist cannons in Pali and Romanized language to distribute them to monasteries across the world. At present, 82 percent of the construction tasks of religious edifices and the park have been completed.

At nights, stupas for stone inscription, fountain squares, the main platform of the Buddha image, prayer halls and archways in the park are decorated with lights.


Senior General Min Aung Hlaing hears report on construction work.

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers address at the ceremony to hand over the flag for victory to Myanmar sports teams bound for XXXII SEA Games



Senior General Min Aung Hlaing addresses the State Flag hand over ceremony.

**Nay Pyi Taw April 25**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the ceremony to hand over the flag for victory to Myanmar sports teams which will compete in the XXXII SEA Games to be hosted by Cambodia, at Wunna Theikdi Gymnasium-B in Nay Pyi Taw this morning.

Also present at the ceremony were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Joint Secretary Lt-Gen Ye Win Oo, Council members Admiral Tin Aung San, Lt-Gen Moe Myint Tun, Lt-Gen Soe Htut, Daw Dwe Bu, Poe Rei Aung Thein, Mahn Nyein Maung, Dr Hmu Htan, U Maung Ko, Dr Aung Kyaw Min, Dr Kyaw Tun, Khun San Lwin, U Shwe Kyein and U Yan Kyaw, Union ministers, the chairman of Nay Pyi Taw Council, Chief of the General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from the Office of the Commander-in-Chief (Army, Navy and Air), the commander of Nay Pyi Taw Command, deputy ministers, presidents of sports federations, officials, athletes, managers and coaches.

First, Myanmar sports teams bound for the XXXII SEA Games introduced themselves to the Senior General.

In his speech, the Senior General said that the XXXII SEA Games will be held in Cambodia from 5 to 17 May 2023. As now is a few days ahead of the games, all athletes are believed to be physically and mentally ready with sports skills.

All people across the nation are waiting for the athletes who would bag many winning medals on their return to the country as they know the athletes are making preparations to compete in the games with utmost efforts with pledges to sweep the medals in the games with the sporting spirit.

The Senior General expressed his belief that those athletes are hoisting victorious banners in their minds with confidence to secure wins with full training in line with the sayings which go: "training for skill, skill for confidence, confidence for braveness and braveness for victory".

This games is the great chance for athletes to show off their brilliant skills in the sports for the State. Grasping such a chance, the Senior General said the State and the entire people expect those athletes would uplift the prestige of the State. The Senior General expressed his belief that the athletes would show off their wonderful skills in the competition so as to transform the dreams of the people to the victories.

If the Myanmar sport contingent secure larger number of medals this games than that of previous games, it will change the victorious history of Myanmar sport contingent. The SEA Games is the highest Olympic games in ASEAN, and the athletes need to set their aims to participate in the Asian Olympic Games as well as the World Olympic Games.

Sports show health and fitness, perseverance, industry and unity of a nation and a national, and the sports games are competitions with fair skills. All managers, coaches and athletes are to accept a concept that competitions in an international competition representing the State to uplift the prestige of the State with the sport victories is a significant pride and chance. Moreover, the Myanmar sport contingent members are to notice that winning in all sport events is a national duty as competition is concerned with prestige of the State and nationality.

The State Administration Council is implementing the social objectives including a point to strengthen basic health care in order to achieve the emergence of a health system that enhances the longevity and health of the entire nation. The sports sector plays a key role in longevity, health and fitness of the entire people. In accord with the motto: Uplifting the sports safeguards the State, the sporting spirit forges the spirit loving the State and then spirit to safeguard the country. So the government is uplifting the sports sector.

*See Page 14*


Senior General Min Aung Hlaing views round the display of sport gear.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses coordination meeting between Steering Committee to hold Myanmar National Education Conference 2023 and work committee



Vice-Senior General Soe Win addresses the coordination meeting.

**Nay Pyi Taw April 25**

Steering Committee to hold Myanmar National Education Conference 2023 and work committee held a coordination meeting at State Administration Council Chairman's Office here this afternoon addressed by Chairman of the committee Vice Chairman of State Administration CouncilDeputyPrime MinisterVice-Senior General Soe Win.

Also present were union ministers, the Nay Pyi Taw Council chairman, deputy ministers and officials.

The Vice-Senior General said the meeting aimed at enabling all related ministries to jointly hold the conference which is the first one of its kind during the administration of SAC. Hence, related ministries should try to hold a flawless conference through all-inclusiveness.

The national level conference will be held in Nay Pyi Taw in early May. Like all other international conferences, its opening ceremony will include Keynote Address and Panel Discussions and its Parallel Session will be held together with Themes, Sub-themes, Presentations, Q&A and suggestion sessions. Necessary preparations should be made to hold the conference in May. Topics of the discussions should be finalized through coordination in accord with the directives of the Prime Minister. "Improvement of Myanmar's future education" will be the theme of the conference. Hence discussions should be centred on the betterment of the country's future education. Since his assumption of duties, the SAC Chairman Prime Minister has given encouragement to the education sector.

The Conference with be held in accord with the point -- promote multiple education systems in order to produce the necessary human resources for building a modern developed democratic nation -- of the 12 objectives.

SAC has increased budget allotment for the education sector and provided assistance for teachers. It allowed Ks 100 billion for BE and over Ks 100 billion for RE during the six-month period in 2021-2022. In 2022-2023, it allowed Ks 210 billion for BE and Ks 220 billion for RE. SAC opened Naypyitaw State Academy on 9 November 2022. It is providing cash assistance to teachers pursuing further studies, administration expense for schools and refresher courses for teachers.

The objectives and headlines and topics to be discussed have been set for the National Education Conference 2023. The first point is to find a remedial measure for a small number of transition grades. The second is that regions and states are to carry out implementation of KG+9 education project as a national task. The third point is to teach subjects on agriculture and livestock farming and mechanism at the classes of Grade 10, Grade 11 and Grade 12 to ensure basic vocational education and knowledge. The fourth point is to produce human resources through effectively teaching the subjects and skills that will practically be useful at work, at institutes of agriculture, livestock and industrial science. The fifth is to teach advanced subjects for academic skill in the surroundings helpful to the society. The sixth point is to produce arts and science experts with the aim of finding a solution on how the youth will have patriotism. Ways to successfully implement those guidelines, overcome the challenges to be faced and have future tasks are to be discussed in the forthcoming conference. We have already had the 30-year long-term plan of Myanmar Sustainable Development Plan. Based on the guidelines by the Prime Minister, it is to discuss how to implement short and medium-term projects at the conference. I fully believe that the good outcomes will come out at the conference for the future youths of the nation.

It is to hold discussion to make plans in order to ensure that all school age children could go to school and finish KG+9 Grade at least and that there will be a small number of school leaving children until zero number of them.

There is access to practically working fields through learning vocational subjects on agriculture, livestock and mechanism after KG+9 education and then to higher education as well. Without heading for the practically working fields, there are significant accesses to further studies in higher education. It is to be targeted to find ways to ensure plenty of educated people.

At the conference, it is to cooperatively discuss matters for ensuring good education results and good education for future generations for short and medium-plans. Paper compiling experts are to make papers helpful to improve Myanmar's education. In successive eras of governments, plans were made in various ways to ensure improvement of Myanmar's education. In the time of the State Administration Council, it must be a good, successful education that helps the education of the youths, who will be transferred responsibilities, improve. To achieve this, such a conference will be held. All are urged to work together to successfully hold the State level conference.

Then, Deputy Minister for Education Dr Moe Zaw Tun briefed on forming sub-committees and their tasks, headlines to be discussed and arrangements on holding the conference.

Afterwards, union ministers, the Chairman of Nay Pyi Taw Council, deputy ministers and officials presented suggestions on a sector-wise basis to successfully hold the conference.

The Vice-Senior General made coordination on the suggestions and gave concluding remarks. 100

---

*From Page 13*

In its efforts for multi-sectorial development, the State is also placing emphasis on the sport sector to enable it to meet the international standard. So, the Ministry of Health and Sports was divided into two separate ministries— the Ministry of Health and the Ministry of Sports and Youth Affairs on 1 August 2021. The aim is to ensure that young people pursue education from childhood while making them interested in sports for their health and fitness so that they can become good citizens. So, outstanding young athletes were sent to international events. Their efforts and achievements have bought honour to the State and contributed towards their own life.

Victorious sports athletes of successive eras who obtained medals and brought honour to the State are being provided with monthly cash assistance from the time they turn 60 until they are alive. Till today, 230 veteran sports athletes are provided

*See Page 15*

# Google sheet needed as application for easily buying fuel for industrial zones, businesses outside industrial zones


An aerial view of an industrial zone in Yangon.

**Yangon April 25**

Businesspersons from industrial zones in Yangon Region and businesses outside the industrial zones have to apply for purchase of fuel with the use of google sheet, according to the UMFCCI.

The applications must be google sheets foe smooth purchase of fuel, said general secretary of UMFCCI Daw Khaing Khaing Nwe.

"Different prices of fuel cause loss to businesses and industrial zones. To narrow the price gap, buyers need to use google sheets for purchase of fuel. Businesses outside the industrial zones need to take endorsement from the Myanmar Industries Association. Buyers need to recheck data on the google sheets before its sanding. We have clarify process of filling in the google sheets to representatives of industrial zones," said Daw Khaing Khaing Nwe.

Currently, factories from the industrial zones and businesses outside the zones in groups apply for the fuel.

ASH

# Low grade paddy fetches K1.47 million per 100 bags in Labutta Township

**Labutta April 25**

Low-grade paddy species fetch K1.47 million per 100 baskets in Labutta Township of Ayeyawady Region this month, said U Moe Myint Kyaw, owner of Yadana Moe paddy and rice trading brokerage in Labutta Township.

Now is time to harvest new paddy strains in Labutta Township. Thai Baygyar, 90day, Hsinthukha, Pakhan, Theeyin and Hmawby fetch K1.47 million per 100 baskets in the market.

In harvesting monsoon, it earned K110,000 per 100 baskets of low-grade paddy strains.

"This year, prices of paddy are on the rise more than that of previous year. Merchants went down to the paddy fields to purchase paddy from farmers. In addition to fetching high prices, paddy is marketable. We send paddy to Yangon and Pathein," said U Moe Myint Kyaw.

Merchants and brokers purchase paddy in Labutta Township and distribute them to Yangon ad Pathein by cargo trucks and cargo vessel. As prices of paddy are higher, those related to paddy farms are convenient in earning incomes.

Kyaw Kyaw Lin


Piles of paddy.

# Taninthayi Region exports marine products to foreign market through five ways

**Dawei April 25**

Taninthayi Region Fisheries Department stated that five ways were used in export of marine products from Taninthayi Region to international market.

Marine products are being produced from Kawthoung, Dawei and Myeik districts.

More than 1,500 offshore and inshore trawlers are fishing in Kawthoung region to produce fish and prawn.

Marine products are exported to foreign countries via border trade camps and marine product companies in Yangon.

Hence, these marine products flow out to foreign market through Kawthoung, Myeik Myeik and Mawtaung border trade camps as well as marine product companies from Yangon.

In this regard, Kawthoung border trade handles the largest volume of marine products, accounting for 80 per cent of those routes. Mawthoung and Myeik border trade camps use maritime trade routes and remaining three use land border.

In 2022-23 FY, Myanmar's marine products earned US$765.947 million, US$262.344 million worth of marine products of which flew out from Taninthayi Region.

In 2022-23 FY, marine products from Taninthayi Region weighing 3,20878.081 tons earned US$262.344 million.

336

*From Page 14*

with K15.5 million in cash assistance every month. On the 75th Anniversary Diamond Jubilee Independence Day on January 4 this year also, 21 Wunna Kyawhtin titles, 36 social outstanding performance awards (first grade), 39 social outstanding performance awards (second grade) and 69 social outstanding performance awards (third grade) went to the outstanding sports athletes. More awards will be presented to the remaining victorious sports athletes. Those who will bring medals to the State in this event will have similar chances. Therefore, with the concept that the State Flag of the Republic of the Union of Myanmar presented to you, the Myanmar sports team, who will be participating in the XXXII SEA Games reflects the national dignity as well as a national duty, you are all urged to try your best to achieve victory in every event.

The participating sports athletes already have strong confidence in their health, fitness, techniques, expertise, capability and standard. The State has assigned you a national duty of achieving victory and brining honour to the country. I urge all members of the sports contingent again to try your best with nationalistic and patriotic spirits. You will also be handsomely awarded for your victory and achievements.

On behalf of the State, I am grateful to all including Myanmar Sports Federation for their assistance in the effort for the sports teams to participate in the event. I urge all the sports athletes to try their best with the aim of uplifting the State and national image, cooperate with each other based on a team or family spirit, behave in accord with the fine Myanmar culture and traditions, achieve medals after sticking to the unyielding spirit and perseverance, engage in a fair competition, serve good diplomatic duties with the aim of promoting the existing friendship and amity among the ASEAN countries and bring honour to the Republic of the Union of Myanmar. We will be waiting for you to come back with medals.

Next, the Senior General presented the victory flag to Union Minister for Sports and Youth Affairs U Min Thein Zan.

Then, U Min Thein Zan explained preparations being made by the sports team.

Afterwards, the Senior General cordially greeted the sports athletes, managers and coaches and viewed round the display of sport gear to be used in respective sports events.


The XXXII SEA Games will be held in Cambodia from 5 to 17 May this year. Myanmar will field 341 sports athletes to take part in 19 sports categories.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အတိုင်းအတာနှင့်အလေးချိန်ဆိုင်ရာ အချက်အလက်များကို QR Code ဖြင့် ဖော်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။


**စာမျက်နှာ ၁၇ မှအဆက်**


စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိအက္ခရာ၊ Roma-nize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်လျက်ရှိကြောင်း၊ ထုဆစ်ပြီးစီးသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဠ်တော်လာ ပိဋကသုံးပုံ အဋ္ဌကထာဋီကာကျမ်းစာများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိပြီး ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကသုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်းလေ့လာနာယူ ကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုအခါသာသနိကအဆောက်အအုံများနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်မှုမှာ ၈၂ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း။

ထို့ပြင် ညချမ်းချိန်ခါများတွင်လည်း မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုခမ္မာ ဇရပ်များနှင့် ပင်မအဝင်လမ်းတို့၌ အများ ပြည်သူကြည်ညိုသပ္ပာယ်ဖွယ် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောက်စာရုံစေတီတော်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။









ညချမ်းချိန်ခါများတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ သုခမ္မာဇရပ်များနှင့် ပင်မအဝင်လမ်းတို့၌ အများပြည်သူကြည်ညိုသပ္ပာယ်ဖွယ် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားမှုကိုတွေ့ရစဉ်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များကို အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

☆ **ကျောဖုံးမှအဆက်**

ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှူထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များက မိတ်ဆက်ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်( ၃၂ )ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်ထိ ကျင်းပပြုလုပ်တော့မည်ဖြစ်သဖြင့် ရက်အနည်းငယ်သာ လိုတော့သည့်အတွက် ပြိုင်ပွဲဝင်ကြမည့် အားကစားမောင်မယ်အပေါင်းတို့သည် ရုပ်ပိုင်းဆိုင်ရာအသင့်၊ စိတ်ပိုင်းဆိုင်ရာအသင့်၊ အားကစားပညာရပ်ပိုင်းဆိုင်ရာအသင့်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာအသင့်၊ အစစအရာရာ ပြိုင်ပွဲဝင်ကြရန် အသင့်ဖြစ်နေကြပြီဟု ယုံကြည်ပါကြောင်း။

နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများအားလုံးကလည်း အားကစားမောင်မယ်များ၏ ဌွဲ၊ လုံ့လ၊ ဝီရိယ၊ အားကြိုးမာန်တက်၊ အောင်မြင်ရမည်၊ ဆုများဆွတ်ခူးနိုင်ရမည် ဆိုသည့် စိတ်ဓာတ်အပြည့်နှင့် **"ပွဲမဝင်ခင် အပြင်ကကျင်းပ"** ဆိုသည့်အတိုင်း ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေမှုများကို မျက်ဝါးထင်ထင် တွေ့မြင်သိရှိပြီးဖြစ်သကဲ့သို့ ဆုများတစ်ပွေ့တစ်ပိုက်နှင့် အောင်မြင်မှုများနှင့် ပြန်လာမည်ကို မျှော်လင့်စောင့်စားနေကြမည်ပင် ဖြစ်ပါကြောင်း။

**"လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲခံ"** ဆိုသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြင့် အောင်စိတ်တံခွန်များ တလူလူလွင့်ထူထားကြပြီဟုလည်း ယုံကြည်ထားပါကြောင်း။

ယခုသွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲကြီးသည် အားကစားမောင်မယ်များအဖို့ နိုင်ငံတော်အတွက် အားကစားလူချွန်လူကောင်းများဖြစ်ကြောင်း ပြသနိုင်မည့် အခွင့်အလမ်းကောင်းကြီး တစ်ရပ်လည်းဖြစ်ပါကြောင်း၊ ယခုအခွင့်အလမ်းကြီးကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားနိုင်ကြမည်ဟုလည်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်နေကြသည်ကို အသိပေးမှာကြားလိုပါကြောင်း၊ မိဘပြည်သူများ၏ ယုံကြည်မျှော်လင့်ချက်အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရန် မောင်မယ်များအနေဖြင့် ရေကုန်ရေခန်း အားထုတ်ကြိုးပမ်းသွား ကြမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။

ယခု (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အနေဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများကထက် ဆုတံဆိပ်များပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပိုမိုပြောင်းလဲမှတ်တမ်းတင်သွားနိုင်ကြမည်ဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံတွင် အမြင့်မားဆုံးသော အိုလံပစ်အားကစားပြိုင်ပွဲဖြစ်ပြီး ယခုပြိုင်ပွဲမှာတင် ကျေနပ်မနေဘဲ အာရှအိုလံပစ်၊ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်ထိ မျှော်မှန်းကြိုးပမ်းသွားကြစေလိုကြောင်း။

အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဌွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ယှဉ်ပြိုင်မှုမျိုးဖြစ်ကြောင်း၊ အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရေးအတွက် ယခုကဲ့သို့ နိုင်ငံတကာ အားကစားပြိုင်ပွဲတစ်ရပ်ကို နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသည့်ဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်သည်ကို အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအားလုံး သတိချပ်ကြစေလိုပါကြောင်း၊ ထို့ပြင် အမိမြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုး၏ ဂုဏ်သိက္ခာနှင့် ပတ်သက်ဆက်နွယ်နေသည့်အတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင်ရှိနေသည်ကိုလည်း သတိပြုနှလုံးသွင်းထားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီး ချမှတ်ဆောင်ရွက်နေသည့် ဦးတည်ချက်များထဲတွင် **"နိုင်ငံ၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုနိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာစေရေး"** ဆိုသည့် လူမှုရေးဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍသည်အရေးကြီးပါကြောင်း၊ **"အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းပြည်ချစ်စိတ်ကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ် ပေါ်ပေါက်လာစေမည်ဖြစ်သည့်အတွက် အားကစားကဏ္ဍကို အားပေးမြှင့်တင် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် နယ်ပယ်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားစီမံဆောင်ရွက်ပေးလျက် ရှိနေပါကြောင်း၊ ထို့ကြောင့်လည်း မိမိတို့တာဝန်မယူမီက ရှိခဲ့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနဆိုပြီး သီးခြားစီ ခွဲဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ လူငယ်များကို ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားပြီး ကျန်းမာကြံ့ခိုင်သည့်၊ ဇလငါးတန်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးသွားမည့် ရည်ရွယ်ချက်ပင်ဖြစ်ပါကြောင်း၊ အားကစားထူးချွန်သည့် လူငယ်များကို ယခုကဲ့သို့ နိုင်ငံ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်စေခြင်းဖြင့် အားကစားလူငယ်မောင်မယ်တို့၏ ကြိုးပမ်းမှု၊ အောင်မြင်မှုများသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြင့်မားစေပြီး မိမိတို့တစ်ဦးချင်း၏ လူနေမှုဘဝများလည်း မြင့်မားလာစေမည် ဖြစ်ပါကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းခံထံ အောင်နိုင်ရေးအလံကို အပ်နှင်းစဉ်။**

ထို့ပြင် **နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုနှင့် ဂုဏ်ပြုဆုတံဆိပ်များ ရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများကိုလည်း အသက် ၆၀ ပြည့်မြောက်တဲ့အချိန်ကစပြီး သက်ရှိထင်ရှားရှိနေသမျှကာလပတ်လုံး လစဉ်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်လျက်ရှိရာ ယနေ့ထိ အားကစားသမားကြီးဦးရေ ၂၃၀ ကို လစဉ်ငွေကျပ် တစ်ရာငါးဆယ့်ငါးသိန်း တစ်သောင်းတိတိ ထောက်ပံ့ပေးလျက်** ရှိပါကြောင်း၊ **ယခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်ခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင်လည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများထဲက ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန် ပထမဆင့် ၃၆ ဦး၊ လူမှုထူးချွန်** **စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်လက်ရွေးစင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစဉ်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို ယခု အပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်သည် မောင်တို့မယ်တို့အားကစားအဖွဲ့အတွက် ဂုဏ်ဒြပ်ရော၊ အမျိုးသားရေးတာဝန်ကိုပါ နိုင်ငံတော်၏ ကိုယ်စားပြုနေသည်ဆိုသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံတလူလူလွင့်ပျံနေစေရေး ရေကုန်ရေခန်း အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက်တိုက်တွန်းလို . . .

**စာမျက်နှာ ၁၉ မှအဆက်**

**ဒုတိယဆင့် ၃၉ ဦးနှင့် လူမှုထူးချွန် တတိယဆင့် ၆၉ ဦး တို့ကို ပေးအပ် ချီးမြှင့်ခဲ့ပြီးဖြစ်**ပါကြောင်း၊ ကျန်နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း ဆက်လက်ပြီး စိစစ်ဂုဏ်ပြု ချီးမြှင့်သွားမည်ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးကြမည့် အားကစားမောင်မယ်များအနေဖြင့်လည်း အလားတူအခွင့်အရေးများရရှိလာကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခု (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို ယခုအပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်သည် မောင်တို့မယ်တို့ အားကစားအဖွဲ့အတွက် ဂုဏ်ဒြပ်ရော၊ အမျိုးသားရေးတာဝန်ကိုပါ နိုင်ငံတော်၏ ကိုယ်စားပြုနေသည်ဆိုသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံတလူလူ လွင့်ပျံနေစေရေး ရေကုန်ရေခန်း အစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း။

ယခုနိုင်ငံတော်ကို ကိုယ်စားပြုပြီး သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများသည် ကောင်းမွန်သည့် ကျန်းမာကြံ့ခိုင်မှု၊ နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှုစသည့်အချက်များနှင့် ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာရှိနေပြီဟု ယုံကြည်ထားပြီးဖြစ်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲတွင် အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်ရေးဆိုသည့် တာဝန်ကြီးကို နိုင်ငံတော်က ပေးအပ်လိုက်ပြီးဖြစ်ခြင်းကြောင့် မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း၊ အားကစားအောင်မြင်မှုများအတွက်လည်း ထိုက်တန်စွာ ဂုဏ်ပြုသွားမည်ဖြစ်ပါကြောင်း။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ယခုကဲ့သို့ သွားရောက်ယှဉ်ပြိုင် နိုင်ရေးအတွက် အဘက်ဘက်က ကူညီအားပေးခဲ့ကြသည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များအပါအဝင် အားလုံးကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ကို မြှင့်တင်နိုင်ရေးဆိုသည့် အမျိုးသားရေး သန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်၊ ပြိုင်ပွဲကာလအတွင်း အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်တို့ဖြင့် အချင်းချင်းရိုင်းပင်းကူညီသွားကြရန်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာပြုမူကျင့်ကြံ နေထိုင်ယှဉ်ပြိုင်ခဲ့ကြရန်၊ အနိုင်မခံအရှုံးမပေး ကြံ့ခိုင်သည့်စိတ်ဓာတ်၊ မလျှော့သည့်ဇွဲ၊ လုံ့လတို့နှင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့ကြရန်၊ နိုင်ငံကြီးသားစိတ်ဓာတ်နှင့် တရားမျှတသန့်ရှင်းစွာ ယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှဒေသ ညီနောင်နိုင်ငံများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေး သံတမန်ကောင်းတာဝန်များကို ကျေပွန်ခဲ့ကြရန်၊ အားကစားနှင့်တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်း မောင်မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အောင်လံလွင့်ပျံနေစေရေး စွမ်းဆောင်သွားကြရန်နှင့် ဆုတံဆိပ်များနှင့်ပြန်လာမည့် အားကစားအဖွဲ့ကို မျှော်လင့်စောင့်ကြိုနေမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများတွင်အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ အောင်နိုင်ရေးအလံကို အပ်နှင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းတင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် လက်ရွေးစင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများတွင် အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်မည့် အားကစားသမား ၃၄၁ ဦးသည် အားကစားနည်း ၁၉ နည်း၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရှိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများတွင်အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၅**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကိုယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဖွင့်ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဆောင်ရွက်သည့်အစည်းအဝေးသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)အတွက် ဆက်စပ်သည့် ဝန်ကြီးဌာနများအားလုံး ပူးပေါင်းကျင်းပနိုင်ရန် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပထမဆုံးအကြိမ်ကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)ကို ချို့ယွင်းချက်မရှိ အမှားအယွင်းမရှိအောင် သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ (၂၀၂၃)ကို နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ မေလဆန်းပိုင်းတွင် နေပြည်တော်၌ကျင်းပရန် စီမံထားရှိပါကြောင်း၊ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတကာညီလာခံများနည်းတူ Keynote Address များ၊ Panel Discussion များပါဝင်မည်ဖြစ်ကြောင်း၊ အလားတူ Parallel Session နှင့်အတူ Themes, Sub-themes၊ Presentation၊ အမေးအဖြေနှင့် အကြံပြုချက်ကဏ္ဍများ ပါဝင်မည်ဖြစ်ကြောင်း၊ ညီလာခံကို မေလတွင် ဆောင်ရွက်မည်ဖြစ်သည့်အတွက် ပြင်ဆင်စရာရှိသည်များကို စနစ်တကျပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆွေးနွေးရမည့်ခေါင်းစဉ်များကို အပြီးသတ် ညှိနှိုင်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ(၂၀၂၃) ဆွေးနွေးပွဲကို "မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးကောင်းမွန်စေရေး" ဆိုသည့်ဦးတည်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုဆုံးဖြတ်ကြရမည် ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် စတင်တာဝန်ယူချိန်မှစ၍ ပညာရေးကဏ္ဍတိုးတက်စေရန် တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၁၂)ရပ်၏ နောက်ဆုံးအချက်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေးဆိုသည့် အချက်ပါဝင်ကြောင်း၊ အဆိုပါ ဦးတည်ချက်နှင့်အညီ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကို ကျင်းပသွားကြရမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ပညာရေးကဏ္ဍအတွက် ဘတ်ဂျက်များတိုးမြှင့်ခွင့်ပြုပေးထားကြောင်း၊ ထို့အတူ ဆရာ၊ ဆရာမများအတွက်လည်း ထောက်ပံ့ပေးခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍအတွက်လည်း အလားတူ ထောက်ပံ့ပေးခဲ့ကြောင်း၊ ပညာရေးကဏ္ဍအတွက် ခွင့်ပြုပေးခဲ့သည့် အသုံးစရိတ်များကို ပြန်ကြည့်မည်ဆိုပါက ၂၀၂၀-၂၀၂၁ ခုနှစ် (၆)လဘတ်ဂျက် BEတွင် ငွေကျပ်သန်းပေါင်း ၁၁ သိန်းကျော်ခန့်နှင့် RE တွင် ငွေကျပ်သန်းပေါင်း ၁၁ သိန်းကျော်ခန့် ခွင့်ပြုပေးထားခဲ့ကြောင်း၊ BE ၏ GDP ကိုကြည့်မည်ဆိုပါက ၁ ဒသမ ၅၅ ရာခိုင်နှုန်းနှင့် RE ၏ GDP အချိုးကိုကြည့်မည်ဆိုပါက ၁ ဒသမ ၅၅ ရာခိုင်နှုန်း ခွင့်ပြုပေးခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်ကို ပြန်ကြည့်မည်ဆိုပါက BE တွင် ခွင့်ပြုငွေကျပ် သန်းပေါင်း ၂၀ သိန်းကျော်နှင့် RE တွင် ငွေကျပ်သန်းပေါင်း ၂၂ သိန်းကျော် တိုးမြှင့်ပေးခဲ့ကြောင်း၊ GDP ရာခိုင်နှုန်းကို ပြန်ကြည့်မည်ဆိုပါက ၁ ဒသမ ၇၃ ရာခိုင်နှုန်းနှင့် RE တွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းထိ ပညာရေးနှင့်ပတ်သက်၍ အသုံးပြုခဲ့သည်ကို ပညာရေးကဏ္ဍမြှင့်တင်ရေး အားပေးမှုအဖြစ် တွေ့မြင်နိုင်ကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ် BE ၏ ခွင့်ပြုငွေကိုကြည့်မည်ဆိုပါက ငွေကျပ်သန်းပေါင်း ၂၀ ဒသမ ၈ သိန်းကျော် ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတိုးတက်မြင့်မားစေရန် Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့ပြင် ဆရာ၊ ဆရာမများနှင့်ပတ်သက်၍ ၂၀၂၁ အောက်တိုဘာမှစတင်၍ ပါရဂူဘွဲ့အတွက် ငွေကျပ်သုံးသောင်း၊ မဟာဘွဲ့အတွက် ငွေကျပ် နှစ်သောင်းခွဲ၊ ဘွဲ့လွန်ဒီပလိုမာအတွက် ငွေကျပ်တစ်သောင်း ထောက်ပံ့ခဲ့ပြီး ကျောင်းအလိုက် အုပ်ချုပ်မှုစရိတ်များကိုလည်း ထောက်ပံ့ခဲ့ကြောင်း၊ ပညာရေးကဏ္ဍအတွက် အသုံးစရိတ်များ တိုးမြှင့်ခွဲဝေချထားပေးသကဲ့သို့ ဆရာ၊ ဆရာမများ ပညာအရည်အချင်းမြင့်မားရေးအတွက် မွမ်းမံသင်တန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ(၂၀၂၃)တွင် ရည်ရွယ်ချက်များ၊ ဆွေးနွေးရမည့်ခေါင်းစဉ်များ၊ ဆွေးနွေးရမည့်အချက်အလက်များကို ချမှတ်ပေးထားကြောင်း၊ ပထမအချက်အနေဖြင့် ပညာရေးတန်းစဉ် ကူးပြောင်းမှုနည်းပါးခြင်းကို ကုစားနိုင်မည့်နည်းလမ်းရှာရန် ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ KG+9 ပညာရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးက ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တတိယအချက်သည် သက်မွေးဝမ်းကျောင်း အခြေခံရရှိရေးအတွက် Grade 10, Grade 11, Grade 12 အတန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များ သင်ကြားရန်ဖြစ်ကြောင်း၊ စတုတ္ထအချက်သည် လုပ်ငန်းခွင်လက်တွေ့ အသုံးကျမည့် ပညာရပ်၊ ကျွမ်းကျင်မှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုသိပ္ပံကျောင်းများတွင် ထိရောက်စွာသင်ကြားပြီး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်ဖြစ်ကြောင်း၊ ပဉ္စမအချက်သည် အဆင့်မြင့်ပညာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်း အထောက်အကူပြုစေမည့် ပတ်ဝန်းကျင်ဖြင့် သင်ကြားရန်ဖြစ်ကြောင်း၊ ဆဋ္ဌမအချက်သည် ဝိဇ္ဇာ၊ သိပ္ပံ၊ နည်းပညာရှင်များ မွေးထုတ်ရန်တို့အပြင် လူငယ်၊လူရွယ်များ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များရှိလာစေရန် မည်သို့ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များကို ထည့်သွင်းအဖြေရှာကြရန် ချမှတ်ပေးထားကြောင်း၊ အဆိုပါလမ်းညွှန်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊တွေ့ကြုံရသည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များ ပေါ်ထွက်လာရန်ကျင်းပမည့် ပညာရေး ညီလာခံတွင် သက်ဆိုင်ရာကဏ္ဍများ အလိုက် အပြန်အလှန် ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၌ Myanmar Sustainable Development Plan (MSDP) ရှေ့လုပ်ငန်းစဉ် နှစ် ၃၀ နှစ်ရှည်စီမံကိန်းရှိပြီးဖြစ်ကြောင်း၊ ယခုကျင်းပမည့်ညီလာခံတွင် ကာလတို၊ ကာလလတ်စီမံကိန်းများကို မည်သို့ ဆောင်ရွက်သွားကြရမည်ဆိုသည်ကို နိုင်ငံတော်ဝန်ကြီးချုပ် ချမှတ်ပေးထားသည့် ဆွေးနွေးရမည့် အချက်များကိုမူတည်၍ ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျင်းပမည့် ပညာရေးညီလာခံမှ နိုင်ငံ၏ အနာဂတ်လူငယ်များအတွက် ကောင်းမွန်သည့်အဖြေများ၊ ကောင်းမွန်သည့် အချက်အလက်များနှင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာလိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

နိုင်ငံတော်က အကောင်အထည်ဖော်နေသည့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် အနည်းဆုံး KG+9 ပြီးမြောက်အောင် ပညာသင်ယူရေး၊ ကျောင်းထွက်သူ လျော့နည်းရေးမှသည် လုံးဝမရှိတော့သည်ထိ ဆောင်ရွက်နိုင်ရေး အစီအစဉ်များချမှတ်နိုင်ရန် ဆွေးနွေးကြရမည်ဖြစ်ကြောင်း။

KG+9 ပညာရေး ပြီးမြောက်သည့်အခါ စိုက်ပျိုး၊မွေးမြူရေး၊ စက်မှုနည်းပညာရပ်များ၊ သက်မွေးပညာရပ်များကို သင်ယူတတ်မြောက်စေပြီး လက်တွေ့လုပ်ငန်းခွင်သို့ သွားရောက်နိုင်သည့် လမ်းကြောင်းနှင့် ထိုမှတစ်ဆင့် အဆင့်မြင့်ပညာထိ ပေါင်းကူးတက်ရောက်နိုင်ရန် လမ်းကြောင်းများ ရှိပြီဖြစ်သည့်အပြင် လက်တွေ့လုပ်ငန်းခွင်သို့ ဦးမတည်ဘဲ အဆင့်မြင့်ပညာရေးသို့ ဆက်လက်လေ့လာဆည်းပူးနိုင်သည့် လမ်းကြောင်းများ ထင်ထင်ရှားရှားရှိပြီဖြစ်ကြောင်း၊ အသိပညာ အတတ်ပညာပြည့်စုံသည့် ပညာတတ်များပေါများစေရေး နည်းလမ်းများရှာဖွေနိုင်ရန် ဦးတည်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ညီလာခံတွင်ဆွေးနွေးကြမည့် ကာလတို၊ ကာလလတ်စီမံကိန်းများတွင် နောင်အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် ပညာရေးရလဒ်များနှင့် ကောင်းမွန်သည့် ပညာရေးအခြေအနေများ ရရှိစေရန် ဝိုင်းဝန်းဆွေးနွေးသွားကြရမည် ဖြစ်ကြောင်း၊ စာတမ်းပြုစုကြသည့် ပညာရှင်များအနေဖြင့် မြန်မာ့ပညာရေးတိုးတက်ကောင်းမွန်စေရန် ကောင်းမွန်သည့် စာတမ်းများပြုစု၍ ဝိုင်းဝန်းဆွေးနွေး အဖြေရှာသွားကြရမည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက်၌ မြန်မာ့ပညာရေး တိုးတက်မြင့်မားစေရန် နည်းလမ်းအမျိုးမျိုးဖြင့် စီမံဆောင်ရွက်ခဲ့ကြကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက်တွင် နိုင်ငံ၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များ၏ပညာရေးသည် ကောင်းမွန်အောင်မြင်သည့် ပညာရေးဖြစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်ကောင်းမွန်စေရန် ယခုကဲ့သို့ ပညာရေးညီလာခံကြီးကိုလည်း ကျင်းပခြင်းဖြစ်ကြောင်းနှင့် အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့်ကျင်းပမည့် ညီလာခံကြီးဖြစ်သည်နှင့်အညီ အောင်မြင်အောင် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းတာဝန်များ၊ ဆွေးနွေးမည့်စာတမ်း ခေါင်းစဉ်များနှင့် ပညာရေးညီလာခံ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) အောင်မြင်စွာကျင်းပနိုင်ရေး အတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးအကြံပြုတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။


# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလော့ချ်နိကော့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)တွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ရထားပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်ကိုယ်စားလှယ်များ အပြန်အလှန်စေလွှတ်ရေး၊ တိုက်ရိုက်လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေး၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများကို နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအမှူးများ၊ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

# ရန်ကုန်မြို့တော်ဘဏ်လီမိတက် နှစ် ၃၀ ပြည့် ပုလဲရတုအထိမ်းအမှတ်ကျင်းပ



**နေပြည်တော် မေ ၂၅**

ရန်ကုန်မြို့တော်ဘဏ်လီမိတက်၏ နှစ် ၃၀ ပြည့် ပုလဲရတုအထိမ်းအမှတ်ကို ယနေ့နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ်ရှိ မြို့တော်ခန်းမ၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော်ဘဏ်လီမိတက်နာယက မြို့တော်ဝန်က အမှာစကားပြောကြားကာ အမှုဆောင်အရာရှိချုပ်က နှစ် ၃၀ ကာလအတွင်း ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်မြို့တော်ဘဏ် စတင်တည်ထောင်ခဲ့သည့် ပုဂ္ဂိုလ်များအား လက်ဆောင်ပစ္စည်းများကို ချီးမြှင့်ခဲ့ပြီး ဘဏ်ဝန်ထမ်း လုပ်သက်နှစ် ၃၀ ပြည့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်း ၁၀ ဦးအတွက် ဂုဏ်ပြုဆုငွေ ချီးမြှင့်ကာ ရန်ကုန်မြို့တော်ဘဏ်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဝန်ထမ်းဆုကြေးငွေများ ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ဘဏ်ဝန်ထမ်းများကိုယ်စား ဘဏ်ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့တော်ဘဏ်လီမိတက် နှစ် ၃၀ ပြည့် ပုလဲရတုအထိမ်းအမှတ် အခမ်းအနားကျင်းပစဉ်။

# ၂၀၂၃ ခုနှစ် ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၃)နှင့် ရေကြောင်းလူငယ် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၃) တို့ကို သက်ဆိုင်ရာမြို့နယ်အသီးသီးမှ လေ့ကျင့်သင်ကြား

**နေပြည်တော် မေ ၂၅**

ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် ရေကြောင်းလူငယ် တန်းမြင့်သင်တန်းများကို ရန်ကုန်မြို့၊ ကိုကိုးကျွန်းမြို့၊ ကျောက်ဖြူမြို့၊ စစ်တွေမြို့၊ ပုသိမ်မြို့၊ မော်လမြိုင်မြို့၊ ဟိန်းဇဲဒေသ၊ မြိတ်မြို့၊ ကျွန်းစုမြို့၊ မန္တလေးမြို့နှင့် ကျိုင်းတုံမြို့တို့၌ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဆက်လက် လေ့ကျင့်သင်ကြားလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၉၇ ဦးတို့ကို တာဝန်ရှိသူများက လေ့ကျင့်သင်ကြားပေးနေမှုကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၁ ဦးတို့ကို တာဝန်ရှိသူများက လေ့ကျင့်သင်ကြားပေးနေမှုကိုလည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၃၀ တို့ကို တာဝန်ရှိသူများက လေ့ကျင့်သင်ကြားပေးနေမှုကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၅ ဦးတို့ကို တာဝန်ရှိသူများက လေ့ကျင့်သင်ကြားပေးနေမှုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၅၀ တို့ကို တာဝန်ရှိသူများက လေ့ကျင့်သင်ကြားပေးနေမှုကိုလည်းကောင်း တွေ့မြင်ရပြီး တပ်မတော်(ရေ) ရေကြောင်းလူငယ်စခန်း ၁၁ ခုမှ သင်တန်းသားသင်တန်းသူစုစုပေါင်း ၇၁၂ ဦးတို့ကို သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၃)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်း(၁/၂၀၂၃)မှ သင်တန်းသား၊သင်တန်းသူများကို တာဝန်ရှိသူတစ်ဦးက သင်တန်းပို့ချပေးစဉ်။



ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၃)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်း(၁/၂၀၂၃)မှ သင်တန်းသား၊သင်တန်းသူများကို တာဝန်ရှိသူများက လေ့ကျင့်သင်ကြားပေးစဉ်။

**၂၆-၄-၂၀၂၃ (ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၃း၀၀ | ပြည်သူကြားကပြည်သူစကား |
| ၄။ | ၁၆း၂၀ | K Pop |
| ၅။ | ၂၁း၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၂၅-၄-၂၀၂၃

| စဉ် | မြို့အမည် | | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ဧမိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥတစ်လုံး | ဘဲဥတစ်လုံး |
| ၁ | နေပြည်တော် | ၅၀၀၀ | ၂၀၀၀ | ၁၄၀၀ | ၁၄၈၀၀ | ၂၀၀၀၀ | ၁၀၀၀-၁၁၀၀ | ၃၀၀၀-၃၂၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀-၁၉၀၀၀ | ၇၈၀၀-၈၀၀၀ | ၁၄၀၀၀-၁၈၀၀၀ | ၂၅၀-၃၀၀ | ၃၀၀-၃၅၀ |
| ၂ | ရန်ကုန် | ၄၅၀၀ | ၂၆၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၁၂၅၀-၂၀၀၀ | ၃၂၀၀-၅၀၀၀ | ၁၈၀၀-၂၇၀၀ | ၉၅၀၀-၁၀၀၀၀ | ၁၀၀၀၀-၁၂၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၂၀၀၀-၂၅၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၅၀ |
| ၃ | မန္တလေး | ၄၄၀၀ | ၂၉၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၂၂၀၀ | ၅၈၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | - | ၁၃၀၀၀ | ၂၅၀-၂၇၀ | ၃၂၀ |
| ၄ | လားရှိုး | ၅၀၀၀ | ၂၄၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၅၀၀ | ၄၅၀၀-၅၀၀၀ | ၂၅၀၀-၃၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | - | ၂၅၀ | ၃၂၀-၃၅၀ |
| ၅ | တောင်ကြီး | ၄၆၀၀ | ၂၅၀၀ | ၂၄၀၀ | ၁၃၅၀၀ | ၂၀၀၀၀ | ၃၅၀၀-၄၀၀၀ | ၅၀၀၀-၅၅၀၀ | ၂၀၀၀-၂၅၀၀ | ၁၆၀၀၀ | ၁၆၀၀၀-၂၀၀၀၀ | ၉၀၀၀ | ၂၅၀၀၀ | ၂၀၀-၂၅၀ | ၃၅၀-၃၈၀ |
| ၆ | မြိတ် | ၃၈၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၉၀၀ | ၆၅၀၀ | ၃၁၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၂၅၀-၃၀၀ | ၃၀၀-၃၅၀ |
| ၇ | ဒိုလမ် | ၄၅၀၀ | ၂၇၀၀ | - | ၉၈၀၀ | ၁၆၀၀၀ | ၂၀၀၀-၂၅၀၀ | ၅၅၀၀-၆၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅-၄-၂၀၂၃

**ရွှေ**

အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် ၂၃၅၁၅၀၀

အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် ၂၃၄၃၃၀၀

ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၉၆

ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၉၈၉

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၈၅ ကျပ် | ၂၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၆၅ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၄၅ ကျပ် | ၂၀၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၄၀ ကျပ် | ၂၁၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ယူရော | တစ်ယူရို | ကျပ် | ၂၃၁၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၂ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၀၆၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၉ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၂ . ၂၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၅၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၃၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန်အချက်များ**

- အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ၊
- ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

- နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီလ၊ ၂၀၂၃)

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"စစ်ကိုင်းမြို့နယ်အတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သမားများ၏ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ရေကစားနေသည့် ကျေးရွာသူကျေးရွာသားများနှင့် ကလေးသူငယ်များ သေဆုံးထိခိုက်ဒဏ်ရာရရှိမှု"** ခေါင်းစဉ်ဖြင့်၂၆-၄-၂၀၂၃ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ထားဝယ်မြို့နယ်ရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသွားမော်တော်ယာဉ်ကို လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူအမျိုးသမီးတစ်ဦး သေဆုံးမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဧပြီ ၂၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၇၁ ဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၄၇၁ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၇၁၆ ဦး |

**နေပြည်တော် ဧပြီ ၂၅**

ဧပြီ ၂၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၂၁၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၇၁ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဒသမအကြိမ်မြောက် မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဒသမအကြိမ်မြောက် မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် ဧပြီ ၂၅**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဒသမအကြိမ်မြောက် မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ မဟာသန္တိရုံသီ စေတီတော်မြတ်ကြီး၏ ဓမ္မာရုံအတွင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ မဟာဗောဓိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍာဝုဓ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက မဟာသန္တိရုံသီ စေတီတော်မြတ်ကြီး၏ ဓမ္မာရုံအတွင်းရှိ မြတ်စွာဘုရားရှင်အား ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီး၊ ဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး မဟာဗောဓိကျောင်းတိုက် ဆရာတော် အမှူးပြုသော ဆရာတော်၊သံဃာတော်များအား အရုဏ်ဆွမ်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တက်ရောက်လာကြသူများက မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး မဟာဗောဓိကျောင်းတိုက်ဆရာတော်က ရောင်ခြည်တော်ပွင့် ဂါထာတော်အား ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည်။ ထို့နောက် သီရိမင်္ဂလာကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလနှင့် ပရိတ်တရားတော်များကို နာယူဆောက်တည်ကာ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာကြသူများက ပဋ္ဌာန်း ၂၄ ပစ္စည်းကို သံပြိုင်ရွတ်ဖတ်တော်မူကြပြီး ခိုလမ်မြို့ ဖားဆွမ့်ကျောင်းတိုက်ဆရာတော် ကစတင်၍ မဟာပဋ္ဌာန်းကျမ်းမြတ်အား ပူဇော်ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည်။

အဆိုပါ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၂၇ ရက်ထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဖျာပုံမြို့နယ် ကျုံတာကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံတာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးအဖွဲ့က အဆိုပါကျေးရွာရှိ ပုဗ္ဗာရုံကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က သံဃာတော် လေးပါးနှင့် ဒေသခံပြည်သူ ၂၇၇ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ အရိုး၊ အကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင်များ၏ အသက် နှစ်လမှ နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေး




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် တပ်မတော်သားမိသားစုဝင်များ၏ အသက် နှစ်လမှ နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၂၅**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင်များ၏ အသက်နှစ်လမှ နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ နယ်မြေခံတပ်မတော်ဆေးရုံမှ ပါရဂူများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် သူနာပြုများက တပ်ရင်း၊ တပ်ဖွဲ့များရှိ ကလေးငယ် ၁၀၄ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် နှစ်ဦးတို့ကို ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ပြင်းထန်အဆုတ်ရောင် ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးနှင့် ဂျပန်ဦးနှောက်ရောင်စသည့် ငါးမျိုးစပ်ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ (၃၃)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဧပြီ ၂၅**

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ (၃၃)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဆုချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဇေယျာသိဒ္ဓိခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဆုရရှိကြသူများကို ဂုဏ်ပြု အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းသက်ဟာတံဆိပ်ရရှိသူများ၊ စစ်မှုထမ်းကောင်းတံဆိပ်ရရှိသူများ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲများအလိုက်ဆုရရှိကြသူများနှင့် အိမ်ထောင်သည်လိုင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ သန့်ရှင်းရေး အကောင်းဆုံးဆုရရှိကြသူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။




အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ (၃၃)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်ဆုပေးပွဲတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၈ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် ပန်ဝါမြို့ ချမ်းမောအိမ်ရာ (၁၇) အမှတ်(၃)ရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P(Kachin)]**ကို ၂၀၂၃ ခုနှစ် ဧပြီလ ၂၅ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P(Kachin)]** ၏ မှတ်ပုံတင်အမှတ်မှာ (၃) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၉ / ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ရတနာဒီပ ငုရွှေဝါလမ်းနှင့် အင်ကြင်း(၂)လမ်းထောင့်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ**ကို ၂၀၂၃ခုနှစ် ဧပြီ ၂၅ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ(၄) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၀/ ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် အောင်ဇေယျလမ်း အမှတ်(၂၄)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**ကို ၂၀၂၃ ခုနှစ် ဧပြီ ၂၅ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၅) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၅**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်းသိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်ပြီး ပါတီတည်ထောင်ခွင့် လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခုက ယာဉ်တစ်စီးဖြင့် နှာခေါင်းစည်း (Mask) ခြောက်တန် တင်သွင်းခဲ့ ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၅)ရပ်ကွက်နေ ချိုဝင့်မာဇော်သည် ၎င်းအသုံးပြုသည့် "Cho Wint Mar Zaw" Facebook အကောင့်နှင့် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်နေ စန်းတည်တည်ခင်(ခ) မတည်သည် ၎င်းအသုံးပြုသည့် "Ma Ti"Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် ခရမ်း PDFအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များကို လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ






၂၀၂၂ ခုနှစ် မတ် ၁၀ ရက်တွင် ခရမ်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် မြို့လုံကုန်းလမ်းဆုံအနီး ရွာမလမ်း၌ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူတစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ခရမ်းမြို့နယ် ဝွေးပင်ချောင်းကျေးရွာကြား၌ အကြမ်းဖက်သူများ သတ်ဖြတ်ခဲ့သည့် အပြစ်မဲ့ပြည်သူတစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ခရမ်းမြို့နယ် ကျုံတူးကျေးရွာအနီး လုံခြုံရေးယာဉ်ကို မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ကျဆုံး၊ ဒဏ်ရာရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPHနှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ပြည်သူများသေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်နေသည့် နေရာများတွင် မိုင်းထောင်ဖောက်ခွဲခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင် အဆောက်အအုံများကို အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းများကို နေ့၊ ညမပြတ်အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်နှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့်ဒေသခံပြည်သူများ၏လျှို့ဝှက်သတင်းပေးပို့တိုင်ကြားချက်အရ မေ ၁၉ ရက်နေ့လယ်ပိုင်းတွင် သန်လျင်မြို့နယ် ပေါက်တောကျေးရွာအနီးပတ်ဝန်းကျင်ကို ပိတ်ဆို့ရှာဖွေရှင်းလင်းခဲ့ရာ ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ရဲထွေး** ကို AK-47 တစ်လက်၊ Type-056 တစ်လက်၊ Glock-19 တစ်လက်၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ၇ ဒသမ ၆၂ ကျည် ၆၈ တောင့်၊ ၉ မမကျည် ၃၆၉ တောင့်၊ ပွိုင့်-၃၈၀ ကျည် ၁၅ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ **ရဲထွေး**၏ထွက်ဆိုချက်အရ ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ ခေါင်းဆောင် တစ်ဦးဖြစ်သူ **ထက်ရဲလင်း(ခ)အေးမောင်**နှင့် အဖွဲ့ဝင်အချို့သည် ရန်ကုန်မြို့အတွင်း၌ ဖြန့်ခွဲအခြေပြုတိမ်းရှောင်လျက်ရှိကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မေ ၂၂ ရက် နေ့လယ်ပိုင်းတွင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် အထက်ဗဟိုလမ်း မုဒိတာအိမ်ရာ တိုက်အမှတ်(C) လေးလွှာ အခန်း(၄၀၉)မှ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **ထက်ရဲလင်း(ခ)အေးမောင်၊ စိုးထက်အောင်(ခ)သာလီကာ၊ ကျော်မင်းထက်(ခ)ဇာကလေး**တို့ သုံးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။


ဖမ်းဆီးရမိတရားခံ **ကျော်မင်းထက်(ခ)ဇာကလေး**၏ ထွက်ဆိုချက်အရ ယင်းနေ့ညနေပိုင်းတွင် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်အောင်ကျော်လမ်း တိုက်အမှတ်(၃၆) လေးလွှာ အခန်း(A)၌ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **မိုးပြည့်စုံကျော်(ခ)ဒေဝ(ခ)မှတ်ကြီး၊အောင်မျိုးလွင်(ခ)DK (ခ)ဖော်ကြီးသား** နှင့် **သန့်ဇင်ဦး(ခ) ဗိုက်ကလေး**တို့သုံးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ထက်ရဲလင်း(ခ)အေးမောင်**၏ထွက်ဆိုချက်အရ မေ ၂၃ ရက် နံနက်ပိုင်းတွင် ခရမ်းမြို့နယ် မကျည်းကုန်းကျေးရွာနှင့် သုံးခွမြို့နယ် ဆည်ကြီးကုန်းကျေးရွာအကြားရှိ လယ်ကွင်းအတွင်း သို့ဝှက်မြှုပ်နှံထားသော BA-63 နှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၇ ဒသမ ၆၂ ကျည် ၂၅ တောင့်တို့ကိုလည်းကောင်း၊ ခရမ်းမြို့နယ် ညောင်ပင်ကျေးရွာနှင့် အလယ်ကျေးရွာအကြားရှိ လယ်ကွင်းအတွင်း သို့ဝှက်မြှုပ်နှံထားသော ပွိုင့်-၃၈၀ ပစ္စတို တစ်လက်၊ Beretta ပစ္စတိုတစ်လက်၊ M-4 ကာဘိုင် နှစ်လက်၊ M-22 တစ်လက်၊ ပွိုင့်-၃၀ ကာဘိုင် တစ်လက်၊ ၄၀ မမ ဗုံးပစ်လောင်ချာတစ်လက်၊ ပွိုင့်-၂၂ လက်လုပ်သေနတ် တစ်လက်၊ ပွိုင့်-၃၈၀ ကျည် ခုနစ်တောင့်၊ ၉ မမကျည် ရှစ်တောင့်၊ ပွိုင့်-၃၀ ကျည် ၂၅ တောင့်၊ ၅ ဒသမ ၅၆ ကျည်အတောင့် ၁၂၀၊ ၇ ဒသမ ၆၂ ကျည်အတောင့် ၂၀၀၊ ၄၀ မမ ဖုံးသီး ငါးလုံး၊ ပစ္စတိုကျည်အိမ် နှစ်ခု၊ ပွိုင့်-၃၀ ကာဘိုင်ကျည်အိမ်(အရှည်၊ အတို) နှစ်ခု၊ M-4 ကာဘိုင်ကျည်အိမ်ငါးခု၊ M-22 ကျည်အိမ် ငါးခု၊ လက်လုပ်လက်ပစ်ဖုံး ခြောက်လုံးတို့ကိုလည်းကောင်း၊ မေ ၂၄ ရက်ညပိုင်းတွင် ခရမ်းမြို့နယ် ကန်သာကျေးရွာ၏ အနောက်ဘက်ရှိ ကောက်ရိုးပုံအတွင်းမှ M-16 နှစ်လက်၊ M4A1 တစ်လက်၊ ၁၂ ဗို တစ်လက်၊ ၄၀ မမ လက်လုပ်ဖုံးပစ်လောင်ချာတစ်လက်၊ ပွိုင့်-၃၈၀ ကျည် ၂၆ တောင့်၊ ၉ မမ ကျည် ၆၈ တောင့်၊ ၅ ဒသမ ၅၆ ကျည်အတောင့် ၄၈၀၊ ၇ ဒသမ ၆၂ ကျည် ၁၉၆ တောင့်၊ ၁၂ ဗိုကျည်အတောင့် ၄၀၊ ၄၀ မမ ဖုံးသီး ၁၉ လုံး၊ စနိုက်ပါကျည်အိမ်တစ်ခု၊ M-22 ကျည်အိမ် တစ်ခု၊ M-16 ကျည်အိမ် သုံးခု၊ ၁၂ ဗိုကျည်အိမ်နှစ်ခု၊ M4A1 ကျည်အိမ် နှစ်ခုတို့ကိုလည်းကောင်း ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် အကြမ်းဖက်အဖွဲ့ဝင် တရားခံ ခုနစ်ဦး၊ လက်နက်မျိုးစုံ ၁၈ လက်၊ ကျည်အိမ်မျိုးစုံအခု ၃၀၊ ကျည်မျိုးစုံ ၁၆၀၇ တောင့်၊ ၄၀ မမ ဖုံးသီး ၂၄ လုံး၊ လက်လုပ်လက်ပစ်ဖုံး ခြောက်လုံးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ထက်ရဲလင်း(ခ)အေးမောင်**သည် ၂၀၂၁ ခုနှစ် မတ်လနောက်ဆုံးပတ်တွင် ဖမ်းဆီးရန်ကျန်တရားခံ **ထွန်းထွန်းဝင်း(ခ) မီးပွား**၏ ချိတ်ဆက်ပေးမှုဖြင့် KNLA တပ်မဟာ(၆)နယ်မြေ ဖလူးလေးစခန်း၌ အကြမ်းဖက်သင်တန်းကို ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဓနေ၊အောင်သူလွင်၊ ချမ်းမြေ့အောင်၊ ညီသူ၊ ကိုပိုင်၊ ဗျတ်စိ** အပါ သင်တန်းသား ၁၃ ဦးဖြင့် ၁၄ ရက်ကိုလည်းကောင်း၊ မေ ၁၂ ရက်တွင် ဖမ်းဆီးရန် ကျန်တရားခံများဖြစ်သည့်**ကျော်ဇင်ဝင်း၊ ဓနေ၊ ဖော်ကြီး၊ အောင်ကျော်သူ၊ မင်းမင်း၊ ကတုံး**တို့ခြောက်ဦးနှင့်အတူ KNLA တပ်မဟာ(၅)နယ်မြေ နတ်ကြီးကျေးရွာအနီးရှိ စခန်းသို့ သွားရောက်၍ အကြမ်းဖက်သင်တန်းကို သင်တန်းသားဦးရေ ၁၀၀ ဖြင့် ၁၅ ရက်ကိုလည်းကောင်း အသီးသီးတက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ ဖမ်းဆီးရမိတရားခံ **ကျော်မင်းထက်(ခ)ဇာကလေး**သည် ၂၀၂၂ ခုနှစ် မေလခန့်တွင် KNLA တပ်မဟာ(၁)၊ ရင်း(၃)သို့ သွားရောက်၍ အကြမ်းဖက်သင်တန်း ၂၁ ရက်ကိုလည်းကောင်း၊ **အောင်မျိုးလွင်(ခ) DK (ခ) ဖော်ကြီးသား**သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလခန့်တွင် အကြမ်းဖက်သင်တန်း တစ်လကိုလည်းကောင်း၊ စာမျက်နှာ ၂၇ သို့





ဇန်နဝါရီ ၈ ရက်တွင် သုံးခွမြို့နယ် ကတုံးပေါ်နယ်မြေရဲစခန်းကို အကြမ်းဖက်သူများက လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပမည့် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပါး(၁၀၂၆၈)ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲတွင် ပါဝင်လှူဒါန်းနိုင်ရေး အသိပေးနှိုးဆော်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၆ နှစ်ပြည့်ပြီး ၂၅၆၇ နှစ်သို့ ကူးပြောင်း ရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ကောဇာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့)၊ ၃-၅-၂၀၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၆ နာရီ နေ့ထူးနေ့မြတ် အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော်(၁၀၂၆၈)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို မန္တလေးမြို့ နန်းမြို့ရိုး၊ လေးပြင် လေးရပ် လမ်းမကြီးများ၌ အောက်ပါနေရာများတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) ကျုံးအရှေ့ဘက်(အရှေ့ပြင်)၊ ၆၆ လမ်းအတိုင်း သံဃာတော် (၂၅၆၇)ပါး
(ခ) ကျုံးတောင်ဘက်(တောင်ပြင်)၊ ၂၆ လမ်းအတိုင်း သံဃာတော် (၂၅၆၇)ပါး
(ဂ) ကျုံးအနောက်ဘက်(အနောက်ပြင်)၊ လမ်း ၈၀အတိုင်း သံဃာတော် (၂၅၆၇)ပါး
(ဃ) ကျုံးမြောက်ဘက်(မြောက်ပြင်)၊ ၁၂ လမ်းအတိုင်း သံဃာတော် (၂၅၆၇)ပါး

၂။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးဆောင်ရွက်မည့် သာသနာတော်နှစ် ၂၅၆၇ နှစ် အထိမ်းအမှတ် သံဃာတော်(၁၀၂၆၈)ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲ အခမ်းအနားတွင် ကိုယ်တိုင်လောင်းလှူလိုပါက လည်းကောင်း၊ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါကလည်းကောင်း အောက်ပါပုဂ္ဂိုလ်များထံ (၃၀-၄-၂၀၂၃)ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန် အကျိုးမျှော်၍ အသိပေး နှိုးဆော်အကြောင်းကြားအပ်ပါသည်-

| | | |
|---|---|---|
| (က) | ဦးသက်နိုင်ထွန်း | ဖုန်းနံပါတ် ၀၉ - ၄၀၂၀၀၁၀၆၉ |
| (ခ) | ဦးစိုးမိုးသိမ်း | ဖုန်းနံပါတ် ၀၉ - ၉၇၀၈၂၃၆၈၈ |
| (ဂ) | ဦးစိုးညွန့် | ဖုန်းနံပါတ် ၀၉ - ၄၀၀၆၉၀၆၆၅ |
| (ဃ) | ဦးတင်မောင်စိုး | ဖုန်းနံပါတ် ၀၉ - ၂၅၀၈၆၂၁၅၈ |

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေဩဇာရရှိရန်၊ အောင်ရေများရရှိရန်နှင့် စိုက်နည်းစနစ်မှန်ကန်ရန် လိုအပ်ပြီး စနစ်တကျဖြင့် စိုက်ပျိုးကြရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ပြုလုပ်သော မြိတ်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များကို တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များကို အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များကို အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၂၅**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံ အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာ စကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီဒုတိယ ဥက္ကဋ္ဌ **စာမျက်နှာ ၁၉ ကော်လံ ၁☆**


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

**Services**

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- Mobile Banking and Internet Banking Services

MPU UnionPay

Phone No : (01) 2301367, 2301368, 2301452, 2301378



"စိတ်ချရတာ မြဝတီဘဏ်"